


# မှန်းခြေပေါက်အလုပ် လုပ်ထားစေချင်တယ်

(၁၀-၃-၆၁)

၉၇

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာ(၄)ပါးတရားတော် အမှတ်စဉ်(၁၃) မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသော
တရားတော်

# မှန်းခြေပေါက်အလုပ် လုပ်ထားစေချင်တယ်

(၁၀-၃-၆၁)

---

မိမိတို့ လူ့ဘဝကလေး ရောက်ပြီးလာတာ သိပြီးသကာလ မိမိတို့ ရ,တဲ့ ဘဝကလေး အလွဲသုံးစားမဖြစ်ရအောင် အထူးဂရုစိုက်ပါဆိုတာကလေး ရှေ့ပိုင်း နည်းနည်းပြောချင်တယ်...။ (မှန်ပါ့)။

**အဖိုးတန်တဲ့ အလုပ်,လုပ်ဖို့**

မိမိတို့ ဘဝကလေးဟာ အင်မတန်ရခဲပါတယ်ဆိုတဲ့ ဒုလ္လဘထဲမှာလဲ အပါအဝင်ဖြစ်ပြီး ရ,ထားတာ၊ ရ,ထားတာကလေးကိုလဲ အလွဲသုံးစားနဲ့သုံးပြီးသကာလ မဖြုန်းလိုက်ဘဲနဲ့ အဖိုးတန်တဲ့အလုပ်နဲ့ သိမ်းပြီးသကာလ အချိန်ကုန်စေချင်တယ်ဆိုတာကိုလဲ ဒကာ ဒကာမတွေ တိုက်တွန်းပါတယ်...။ (မှန်ပါ့ဘုရား)။

ရတဲ့ ဘဝကလေးဟာလဲ အင်မတန် မရခဲဘူးလား…။ (ရခဲပါတယ်ဘုရား)။

ရခဲတဲ့ ဘဝထဲမှာ ဒကာ ဒကာမတွေက ဘဝတဏှာ ခိုင်းတာနဲ့ပဲ အချိန်တွေ အလကားဖြုန်းပြီးသကာလ အိုခြင်း ဆိုး တိုးနေတဲ့ဥစ္စာ၊ ဩော်…တို့သည်ကားလို့ဆိုရင် မရစဖူး အရထူးတာကြီး အလွဲသုံးစားသုံးနေပါပေါ့ကလားဆိုတာ ကလေးကိုလဲ သိစေချင်တယ်…။ (မှန်ပါ့ဘုရား)။

မရစဖူး အရထူးတဲ့ ဘဝကြီးကို အလွဲသုံးစားဖြင့် မသုံးလိုက်ပါနဲ့ဆိုတာ တရားတစ်ပွဲလုံးမှာပါတယ်…။ (မှန်ပါ့ဘုရား)။

အင်မတန်ရခဲတဲ့ ဘဝကြီး ဆိုတာကော သေချာပလား…။ (သေချာပါပြီဘုရား)၊ အလွဲသုံးစား တို့လုပ်နေတယ်ဆိုတာကော…(သေချာပါပြီဘုရား)။

အလွဲသုံးစား တို့လုပ်နေတယ်ဆိုတာလဲ ဒကာ ဒကာမတွေ လူ့ပြည်လာပြီးသကာလ အိမ်ထောင်ခြင်း၊ သားမွေးခြင်း၊ သားသမီးတွေ လုပ်ကျွေးခြင်း ဒါ လုပ်မလို့လာတာ မဟုတ်ပါဘူးတဲ့၊ ဒုက္ခဝဋ်မှ ကျွတ်ချင်လို့ အပါယ်လေးပါးက တက်ပြီးသကာလ လာခဲ့ကြရတာ၊ ဒီကျမှ ယောင်ချာချာ ဘဝတဏှာက လှည့်စားလိုက်၊ ပတ်ဝန်းကျင်က လှည့်စားလိုက်နဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာတဲ့ မရစဖူး အရထူးတဲ့ဘဝကြီး အလွဲသုံးစားနဲ့ အချိန်တွေဖြုန်းလိုက်တဲ့

အတွက် အနာကြီးနာနေတယ်ဆိုတာဖြင့် သိအောင်ပဲ လုပ်ကြပါ...။ (မှန်ပါ့ဘုရား)။

ဒကာဝ...ဆိုးလွန်းလို့ပြောပါတယ်...။ (မှန်ပါ့ဘုရား)၊ အိမ်ရောက်သွားတယ်ဆိုရင် သားက လှည့်လိုက်၊ သမီးက လှည့်လိုက်၊ ပစ္စည်းကလှည့်လိုက်ဆိုပြီး ခန္ဓာကိုယ်ကြီး အချိန်ကုန်ပြီးသကာလ၊ အိုခြင်းဆိုးတွေတိုးပြီးသကာလ နာခြင်းဆိုးဘက် ပြေးသွားတဲ့ဥစ္စာ သေခြင်းဆိုးနဲ့ နီးကပ်သွားတာကိုပဲ ဒကာ ဒကာမတို့က မသိလိုက်တော့ ရ,လာတဲ့ဘဝကြီး အလွဲသုံးစားနဲ့ ဖြုန်းလိုက်တာ သေချာတယ်ဆိုတဲ့ဥစ္စာဘာမှ ပြောစရာ မလိုတော့ဘူး...။ (မလိုပါဘုရား)။

ဒါကြောင့် ဒီကနေ့ စ,ပြီးသကာလ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အလွဲသုံးစားဇာတ်ကိုဖြင့် အသိမ်းကြီးသိမ်း၍ အငြိမ်းကြီးငြိမ်းတဲ့ နိဗ္ဗာန်မရောက်,ရောက်အောင်ကြိုးစားပါတော့မယ်ဆိုတဲ့ စိတ်ကိုဖြင့် သန်သန်ထွားထွားကြီး မွေးရမယ်...။ (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတွေ သံသရာဇာတ်ရှည်တယ်ဆိုတာဖြင့် အနမတဂ္ဂသံယုတ်မှာ "အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋိ န ပညာယတိ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ"လို့ သေသေချာချာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောထားသောကြောင့် အဝိဇ္ဇာ,တဏှာလှည့်တာနဲ့ ဒကာ ဒကာမတွေ အစ ယောင်

ချာချာ ဖြစ်နေကြတယ်ဆိုတာလဲ မှတ်ထားလိုက်စမ်းပါဦး...။ (မှန်ပါ့ဘုရား)။

**မှန်းခြေပေါက်အလုပ်, လုပ်ထားစေချင်တယ်**

ဒကာ ဒကာမတွေသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် မှန်းခြေပေါက်မရှိသေးတော့...မှန်းခြေပေါက်အလုပ်ကလေးတော့ လုပ်ထားစေချင်တယ်နော်...။ (မှန်ပါ့ဘုရား)။

အခုအချိန်မှာ ဆရာဘုန်းကြီး ပြောတဲ့စကားလဲ နားမထောင်၊ ဘုရားဟောတဲ့ တရားကိုလဲ ဂရုမစိုက်ကြဘူးဆိုရင် ခင်ဗျားတို့ မှန်းခြေပေါက်မရှိသေးလို့၊ မှန်းခြေပေါက်သေချာတဲ့အလုပ်ကိုဖြင့် လုပ်ဖြစ်အောင် လုပ်ထားပါလို့ တိုက်တွန်းရတယ်နော်...။ (မှန်ပါ့ဘုရား)။

မှန်းခြေပေါက် မရှိဘဲနဲ့ သွားလာနေရခြင်းဟာ အင်မတန် အရုပ်မဆိုးဘူးလား...။ (ဆိုးပါတယ်ဘုရား)။

ကိုင်း...ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒကာ ဒကာမတွေကွာ...မှန်းခြေပေါက်မရှိပုံ ဥပမာကလေးနဲ့ ပြောပါဆိုလို့ ဥပမာကလေး ပြောရတယ်...။ (မှန်ပါ့)။

ဒကာ ဒကာမတို့ သစ်ပင်ကလေးတစ်ပင်ခုတ်လိုက်၊ တစ်ထောင့်ထွာလောက် တုတ်ကလေး အရင်းဖြတ်လိုက်၊

အဖျားဖြတ်လိုက်ပေါ့၊ တုတ်ကလေး သေးသေးတစ်ချောင်း တော့ မရလား…။ (ရပါတယ်ဘုရား)။

အဲဒါကလေး တစ်ခါ ဒကာဝကဖြစ်စေ၊ ဦးခင်မောင်ကဖြစ်စေ ကောင်းကင် မြှောက်လိုက်တာပေါ့ဗျာ…နော်… (မှန်ပါ့ဘုရား)။

**ကောင်းကင်မြှောက်တဲ့ တုတ်**

ကောင်းကင်မြှောက်လိုက်တဲ့အခါကျတော့ ဒကာ ဒကာမတို့ တစ်ခါတလေလဲ အရင်းက ကျတယ်နော်၊ တစ်ခါတလေလဲ အဖျားကကော…(ကျပါတယ်)၊ တစ်ခါ တလေ အလယ်ကကော…(ကျပါတယ်ဘုရား)။

ဩော်…ဘယ့်နှယ်ကြောင့် ဒီတုတ်ကလေးသည်ကား လို့ ဆိုလို့ရှိရင်ဖြင့် ကျချင်သလိုကျနေပါလိမ့်မလဲဆိုတော့ ဩော်…မှန်းခြေပေါက် မရှိသေးလို့…(မှန်ပါ့ဘုရား)။

ဘယ်လို ဆုံးဖြတ်ချက်ချမယ်…။ (မှန်းခြေပေါက် မရှိသေးလို့ပါဘုရား)။

မှန်းခြေပေါက် မရှိသေးဘူး၊ အဲဒါကြောင့် အခု ဘုန်းကြီးတို့ ဒကာ ဒကာမတွေလဲ မှန်းခြေပေါက်မရှိသေးဘူးဆိုတာ ဒီ တုတ်ကလေးလို ဖြစ်နေတယ်…။ (မှန်ပါ့)။

ဒီတုတ်ကလေးသည် တစ်ခါတလေ အရင်းကကျ၊

နွားချေးပုံပေါ်ကျ၊ လူကျင်ကြီးပုံပေါ်ကော မကျနိုင်ဘူးလား…။ (ကျနိုင်ပါတယ်ဘုရား)။

ဩော်…ဒီတစ်ခါကျတော့လဲ ပိုးလောက်တွေဖြစ်ရတယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ့ဗျာ…။ (မှန်ပါ့)၊ နွားချေးပုံပေါ်ကျပြန်တော့လဲ နွားချေးပိုး ဖြစ်ရတယ် ဆိုတဲ့ အဓိပ္ပါယ်မရောက်ပေဘူးလား…။ (ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ကျုပ်တို့ အခုရနေတဲ့ အခြေအနေဟာ ဒကာ ဒကာမတို့ ကောင်းကင်မြှောက်လိုက်တဲ့ တုတ်လိုပဲ ကျချင်သလို ကျနေတဲ့ အခြေအနေ ဆိုက်နေသေးတော့ မှန်းခြေပေါက်မရှိသေးတာကို မှန်းခြေပေါက် ဆရာဘုန်းကြီးကရော၊ ဘုရားကရော…ဟောနေတဲ့အတွက် မှန်းခြေပေါက်ဖြင့် တို့ရှိအောင် လုပ်မဟာဆိုတဲ့ စိတ် ယနေ့မွေးပါ…။ (မှန်ပါ့ဘုရား)။

ဘာမွေးရမယ်…။ (မှန်းခြေပေါက်စိတ်မွေးရပါမယ်ဘုရား)၊ မှန်းခြေပေါက် ဒကာ ဒကာမတို့၊ ငါဖြင့် ဒီဘဝစုတေမနေ သေလွန်လို့ရှိရင် ဘယ်မှ မသွားဘူး ဟော့…၊ သုဂတိကနေ နိဗ္ဗာန်ကူးမဟော့…၊ ဒီလိုတစ်ချက်…။ (မှန်ပါ့)။

ဟာ…ဒီဘဝပဲ ခန္ဓာဇာတ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကူးမဟော့ ဆိုတဲ့ မှန်းခြေပေါက်နှစ်ခုအနက် တစ်ခုခုတော့ ရှိရမယ်…။ (မှန်ပါ့ဘုရား)။

ဒီတစ်ခုခုမှ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မှန်းခြေ

ပေါက် အလုပ်ကို လုပ်မထားတော့ပါဘူးဆိုရင် ကောင်းကင်မြောက်လိုက်တဲ့ တုတ်ကလေးလိုပဲ ဒကာ ဒကာမတို့ အရင်းကလဲ ကျချင်ကျမယ်...။ (မှန်ပါ့)၊ အဖျားကရော...(ကျပါမယ် ဘုရား)၊ အလယ်ကရော...(ကျပါမယ်ဘုရား)။

အဲဒါတွေက ကျုပ်တို့မှာ ယခုအချိန်မှာ ကန့်သတ်မှု မရှိသေးဘဲ ဖြစ်ပြီးသကာလနေတော့ ဒကာ ဒကာမတို့ အလွန်မှ ကြောက်စရာကောင်းတယ်နော်...။ (မှန်ပါ့)၊ အင်မတန် ကြောက်စရာကောင်းတယ်...။ (မှန်ပါ့)။

**ဥပရိ မိဖုရားကြီး**

ဒီပြင်ဟာ မကြည့်ပါနဲ့...ဒကာ ဒကာမတို့၊ ဥပရိ မိဖုရားဟာ မိဖုရားကြီးအဖြစ်နဲ့ အရင်းက ကျနေတယ်၊ တော်ကြာ တိရစ္ဆာန်အဖြစ်နဲ့ အဖျားကနေ ကျတယ်...။ (မှန်ပါ့)၊ မကျဘူးလား...။ (ကျပါတယ်ဘုရား)။

**မလ္လိကာ မိဖုရားကြီး**

အဲဒါတွေ ထောက်ပြီးသကာလ ကြည့်လိုက်တဲ့အခါ၊ တိစ္ဆာန်ဘုံ ကျသွားတာတွေ ကြည့်လိုက်တဲ့အခါ ဥပရိ မိဖုရားတို့မှာ အတော်ဆိုးပါတယ်...။ (မှန်ပါ့ဘုရား)၊ မလ္လိကာတို့မှာ မိဖုရားကြီး၊ တော်တော်ကြာကျတော့ အဝီစိ ခုနစ်ရက် ကျရတယ်ဆိုတော့ ဒကာဝရေ...မှန်းခြေပေါက်မရှိလို့ ပေါ့...။ (မှန်လှပါဘုရား)။

ဦးခင်မောင် ကျချင်သလိုကျတယ်ဆိုတာ သေချာပလား…။ (သေချာပါပြီဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတွေကလဲ ကိုယ့်ဟာကိုယ်မြဲအောင် လုပ်ဖို့ရှာ၊ မှန်းခြေပေါက်ကိုက်ဖို့ရှာ အလုပ်ကလေးကို ဆရာဘုန်းကြီးကလဲ နေ့တိုင်းပြော၊ ဒကာ ဒကာမတွေကလဲပဲ မှန်းခြေပေါက် ကိုယ်ပိုင်ရအောင် လုပ်ထားတော့မယ်ဆိုတဲ့စိတ်ကို မွေးရလိမ့်မယ်…။ (မှန်လှပါဘုရား)၊ မမွေးရင် တော်ပါ့မလား…။ (မတော်ပါဘုရား)။

အေး…ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ယခုလို အဝိဇ္ဇာတဏှာ ဖုံးလွှမ်းပြီးသကာလ အိမ်ကျလာတဲ့အခါ၊ တဏှာကနေ လှည့်လိုက်တဲ့အခါကျတော့ သားကိစ္စတစ်မျိုး၊ သမီးကိစ္စတစ်မျိုး၊ အဆွေခင်ပွန်းကိစ္စတစ်မျိုးဆိုတော့ မှန်းခြေပေါက်အလုပ်ကို မလုပ်လိုက်ရဘူး…။ (မှန်ပါ့ဘုရား)။

မှန်းခြေပေါက်အလုပ်ကို မလုပ်လိုက်ရတဲ့အခါကျတော့ ကောင်းကင်မြှောက်လိုက်တဲ့ တုတ်လို ဒကာ ဒကာမတို့ ကျချင်သလို ကျသွားလိမ့်မယ်…။ (မှန်ပါ့)။

**ဦးတိဿ ရဟန်းကြီး**

ဘုရားကျောင်းပေါ်နေတဲ့ ဦးတိဿကြီး ဒကာ ဒကာမတို့ မှန်းခြေပေါက် မရှိသေးတဲ့အတွက် ခဏကလေးနေတော့

စုတေမနေ ညကျတော့ လေနာပြီး သေလိုက်တယ်၊ သေပြီး သကာလ သန်းကြီးသွားဖြစ်တယ်ဆိုတာလဲ ဓမ္မပဒမှာ အထင်အရှားလာတယ်...။ (မှန်ပါ့ဘုရား)။

မုန်းခြေပေါက် ရှိရဲ့လား...။ (မရှိပါဘုရား)၊ ခုနင်က ဥပရိမိဖုရားကြီး သေသည်၏အခြားမဲ့၌ နောက်ချေးပိုးထိုး ဖြစ်တယ်ဆိုတာကော...(မုန်းခြေပေါက် မရှိလို့ပါ)၊ မုန်းခြေ ပေါက် မရှိဘူး။

မလ္လိကာ မိဖုရားကြီး သေသည်၏အခြားမဲ့၌ အဝီစိ ၇ ရက် ကျသွားတယ်ဆိုတာကော...(မုန်းခြေပေါက်မရှိလို့ ပါဘုရား)၊ ဩော်...ဒါ ဘယ့်နှယ်ကြောင့် မုန်းခြေပေါက် မရှိပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ ဒကာ ဒကာမတို့ ဝိပဿနာအလုပ်ကို ကိုယ်တိုင်လုပ်ပြီးသကာလ ခရီးပေါက် တဲ့ မဂ်ဆိုက်အောင် မရောက်တဲ့အတွက် မုန်းခြေပေါက် မရှိဘဲဖြစ်ပြီး ကောင်းကင်မြှောက်တဲ့ တုတ်လို အဖြစ်ကြီးဖြစ်, အကြဲကြီး ကြဲ့ရတယ်...မနာဘူးလားဗျာ...။ (နာပါတယ် ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နေ့တိုင်း လိုလိုပဲ မသိတာတွေ ဖော်ပြောပြီးသကာလ သိပြန်တော့လဲ တိုက်တွန်းရပြန်တယ်...။ (မှန်ပါ့)။

တရားဟောတယ်ဆိုတာလဲ ရှေ့ပိုင်းက မသိတာ ဖော် ပြောကယ်နော်...။ (မှန်ပါ့)၊ သိပြန်တော့လဲ မလုပ်ဘဲနေမှာ

စိုးလို့ တိုက်တွန်းရပြန်တယ်...။ (မှန်လှပါဘုရား)၊ အဲဒီတော့ ဒကာ ဒကာမတွေ ပေါ့လို့ ဆလို့ဖြင့် တော်ပါ့မလား...။ (မတော်ပါဘုရား)၊ မှန်းခြေပေါက်အရေးဟာ သူများအရေးလား...ကိုယ်အရေးလားဆိုတာ အကဲခတ်စမ်းပါ...။ (ကိုယ်အရေးပါဘုရား)။

ကိုယ်အရေးဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေ ကိုယ်အရေးထက် ကြီးတာများရှိသေးရဲ့လား...။ (မရှိပါဘုရား)။

စဉ်းစားကြည့်ပါ ဒကာ ဒကာမတို့၊ ဘယ်အရပ်မီးလောင်တယ်ဆိုလို့ရှိရင် ပစ္စည်းရချင်ရ၊ မရချင်နေ ကိုယ်အရင်ထုတ်တာပဲ...။ (မှန်ပါ)၊ ကိုယ့်ကိုယ်ကိုယ် မီးလွတ်ရာပြန်ဆွဲမထုတ်ဘူးလား...။ (ထုတ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ မီးလောင်တဲ့အခါကျတော့ ပစ္စည်းနဲ့ ခန္ဓာ ဘယ်သူ့ အရင်ဆွဲထုတ်ကြသတုံး...။ (ခန္ဓာအရင်ဆွဲထုတ်ပါတယ်ဘုရား)။

**လားရာဂတိ သေချာအောင် လုပ်ထားပါ**

ဩော်...ကိုယ့်အရေးကိုယ်သိတော့ ခန္ဓာ အရင် ဆွဲထုတ်တယ်၊ ပစ္စည်းကို ကမ္ဘာသကာ ထားရတယ်နော်...။ (မှန်ပါ)။

ဒီမှာလဲ ဒကာ ဒကာမတို့ ဒီပြင်ဟာတွေ ကမ္ဘာသကာထားပြီးသကာလ ကိုယ်လားရာဂတိ တစ်ခါတည်း သေချာ

ဖို့ အလုပ်, မင်္ဂဆိုက်,ဖိုလ်ဆိုက်အလုပ်ကို ဒကာ ဒကာမတို့ သေချာအောင် လုပ်ထားစမ်းပါလို့ ကိုယ့်အရေး ကိုယ်ဆွဲထုတ်စမ်းပါဆိုတာ ပြောပါတယ်...။ (မှန်ပါ့ဘုရား)၊ မပြောထိုက်ဘူးလား...။ (ပြောထိုက်ပါတယ်ဘုရား)။

ဘာကို အခု ပေးပါလိမ့် ဆရာဘုန်းကြီးက...(ကိုယ့်အရေး ကိုယ်ဆွဲထုတ်ဖို့ ပေးပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဆင်ခြေလဲလိုက်တာက ဒကာ ဒကာမတို့ သားကလေး ငယ်သေးလို့တဲ့၊ အင်း...ကိုယ့်အရေး ပြောပြန်သလား...သူများအရေး ပြောပြန်သလား...။ (သူများအရေး ပြောတာပါဘုရား)။

သမီးကလေး ထိန်းကျောင်းနေရသေးလို့ ဆိုတာကော ကိုယ့်အရေးပြောတာလား...သူများအရေးပြောတာလား...။ (သူများအရေးပြောတာပါဘုရား)။

ခင်ဗျားတို့ပြောသမျှဟာက ကိုယ့်အရေးပါရဲ့လား...။ (မပါ,ပါဘုရား)။

အိမ်ကလေး ဆောက်ချင်သေးလို့ဆိုတာကော...ကိုယ့်အရေး ဟုတ်ကဲ့လား...။ (မဟုတ်ပါဘုရား)။

ခုနက ကောင်းကင်မြှောက်လိုက်တဲ့တုတ်ကလေးလိုပဲ အကျမြဲဖို့အလုပ် ဟုတ်ပါရဲ့လား...။ (မဟုတ်ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ပြောဆိုနေတဲ့ စကားတွေဟာ ကိုယ့်အရေးကို တစ်လုံးမှ မပါတဲ့အတွက် ဩော်...ဒကာ

ဒကာမတွေ ကိုယ့်အရေးကြီးကြောင်း မသိပါကလား၊ ကိုယ်ကဖြင့် ကောင်းကင်မြှောက်တဲ့တုတ်လို ကျချင်သလို ကျနေသေးတာ၊ မုန်းခြေပေါက် မရှိသေးတာ၊ ဦးခင်မောင် မုန်းခြေပေါက် ကိုက်အောင် လုပ်ရလိမ့်မယ်…။ (မှန်ပါ့)။

ဒကာသစ်တို့၊ မောင်မြတို့ လုပ်ထိုက်–မလုပ်ထိုက်… (လုပ်ထိုက်ပါတယ်ဘုရား)။

သူများ အရေးထက် ဘယ်အရေးကြီးရမှာတုံး…။ (ကိုယ့်အရေးကြီးရမှာပါဘုရား)။

ဒါ…လင်မယား ရန်တိုက်၊ သားနဲ့၊ သမီးနဲ့၊ အမေနဲ့ ရန်တိုက်တာ မဟုတ်ပါဘူး၊ ဒကာ ဒကာမတို့ မီးလောင်တဲ့အခါနဲ့ ပုံစံပြတာပါ…။ (မှန်လှပါဘုရား)။

မီးလောင်တော့ ဒကာ ဒကာမတွေ ကလေးက အိပ်နေတယ်၊ မီးက ဒီအနားရောက်လာတဲ့အခါ ဘယ်သူ့အရင် ပြန်ထုတ်သတုံး…။ (ကိုယ့်ကိုယ်ကိုယ် အရင်ပြန်ထုတ်ပါတယ်ဘုရား)။

နောက်တစ်ခါ မေ့နေလို့ မီးလောင်သေးရင် သားကလေး ပြန်ထုတ်မှာပေါ့…။ (မှန်လှပါဘုရား)။

ကိုင်း…ဒကာ ဒကာမတို့ ကိုယ့်အရေးဟာဖြင့် ယခု ဒကာ ဒကာမတွေ ဖြစ်နေတာဖြင့် ကောင်းကင်မြှောက်တဲ့ တုတ်လိုပဲ ရှိနေသေးတယ်နော်…။ (မှန်လှပါဘုရား)။

ဘာဖြစ်နေသလဲ...။ (ကောင်းကင်မြှောက်တဲ့ တုတ်လိုပါပဲဘုရား)။

တစ်ခါတလေ အရင်းက ကျဗျာ...။ (မှန်ပါ့)၊ တစ်ခါတလေကော...(အဖျားက ကျပါတယ်)၊ တစ်ခါတလေ အလယ်က ကျတယ်...။ (မှန်ပါ့)။

ဘယ်နှယ်ကြောင့် ဒီတုတ်မမြဲပါလိမ့်မတုံးမေးတဲ့အခါ ကျတော့် မှန်းခြေပေါက် မရှိသေးလို့...(မှန်လှပါဘုရား)၊ သဘောကျပလား...။ (ကျပါပြီ)၊ ဘာ မရှိသေးလို့ပါလိမ့်...။ (မှန်းခြေပေါက် မရှိသေးလို့ပါဘုရား)။

ကိုင်း...ဒကာ ဒကာမတို့ မှန်းခြေပေါက်ရှိအောင်ဖြင့် ကျုပ်တို့ ဝိပဿနာဉာဏ်ကို ကြိုးစား၊ ဝိပဿနာဉာဏ် ရင့်သန်ရင် မဂ်ဉာဏ်ဖြစ်လိမ့်မယ်ဆိုတာလဲ မသေချာဘူးလား...။ (သေချာပါတယ်ဘုရား)။

**ကိုယ့်အရေး သေချာအောင် လုပ်ထား**

အဲဒါကြောင့် ဒကာ ဒကာမတို့ ကိုယ့်အရေး ကိုယ်သေချာအောင် လုပ်ပါဆိုတာကိုဖြင့် ပြောရလိမ့်မယ်...။ (မှန်ပါ့)။

ဒါ...အင်မတန် သဒ္ဓါတရားရှိတဲ့ ဆရာသမားလဲဖြစ်၊ အကျိုးစီးပွား အလိုရှိတဲ့ပုဂ္ဂိုလ်လဲဖြစ်နေလို့ မောင်မြရေ၊

သူများအရေးထက် ကိုယ့်အရေး ကြီးစမ်းပါဆိုတာ တိုက်တွန်းရတယ်...။ (မှန်လှပါဘုရား)။

သူများအရေးထက်...(ကိုယ့်အရေးကြီးပါတယ်ဘုရား)။

ကိုယ့်အရေး ကြီးကြစမ်းပါဆိုတာ ဒကာ ဒကာမတို့ အခုမှ ဆုံကြ ကြုံကြတာတွေအတွက် လောကွတ်တွေ များ မနေစမ်းပါနဲ့...။(မှန်ပါ့ဘုရား)၊သားတွေ၊သမီးတွေဆိုတာ ဒကာ ဒကာမတို့ အခုမှ ဆုံကြတာ မဟုတ်လား...။ (မှန်ပါ့ ဘုရား)၊ ဒါ လောကွတ်များနေလို့ တော်ပါ့မလား...။ (မတော်ပါဘုရား)။

အေး...ဒါတွေ လောကွတ်များပြီးသကာလ နေလို့ သူတို့က ဒကာ ဒကာမတို့ အိုမှု တားနိုင်ကြရဲ့လား...။ (မတားနိုင်ပါဘုရား)၊ သားတွေ၊ သမီးတွေ၊ ခင်ပွန်းတွေက လေ...(မတားနိုင်ပါဘုရား)၊ နာမှုကို တားနိုင်ကြရဲ့လား...။ (မတားနိုင်ကြပါဘုရား)။ သေမှုကို တားနိုင်ကြရဲ့လား...။ (မတားနိုင်ကြပါဘုရား)။

ပြီးတော့ကော လားရာဂတိကို သူတို့က မြဲအောင် လုပ်ပေးနိုင်ကြရဲ့လား...။ (မလုပ်ပေးနိုင်ပါဘုရား)။

ဩော်...ဒါဖြင့် ဒကာ ဒကာမတို့ အပေါ်ယံနဲ့၊ ခင်ဗျားတို့က အပေါ်ယံ လေချိုသွေးတာနဲ့ ခင်ဗျားတို့က အရေးကြီးပြီးသကာလ ကိုယ့်အရေးတွေ ဖြုတ်နေကြတာ၊ တယ် နစ်နာပါကလား...။ (နစ်နာပါတယ် ဘုရား)။

အေး…ဒါကြောင့် ခင်ဗျားတို့ အကုန်ဖြတ်ပစ်ပါလို့၊ ကိုယ့်အရေး ကိုယ် ဂရုစိုက်စမ်းပါလို့…ဆိုတာကိုဖြင့် လေးစားစွာနဲ့ တိုက်တွန်းပါတယ်…။ (မှန်ပါ့ဘုရား)၊ မတိုက်တွန်းသင့်ဘူးလား…။ (တိုက်တွန်းသင့်ပါတယ်ဘုရား)။

အခု ကိုယ့်အခြေအနေက ဘယ်ဆိုက်နေသတုံး မေးတော့ ကောင်းကင်မြှောက်တဲ့တုတ် အခြေအနေဆိုက်နေတယ်…။ (မှန်လှပါဘုရား)။

ဘယ်ဆိုက်နေသတုံး…။ (ကောင်းကင်မြှောက်တဲ့တုတ်အခြေအနေ ဆိုက်နေပါတယ်ဘုရား)။

စင်စစ် သူ သူ့ဌေးပါပဲ…တဲ့၊ သား စွဲပြီးသေသွားတဲ့အခါကျတော့ နက်ဖြန် ခွေးကြီးဖြစ်ရတာတွေကော မထင်ရှားဘူးလား…။ (ထင်ရှားပါတယ်ဘုရား)။

ဒါဖြင့် ဒီအဖြစ်ဟာ ဒကာ ဒကာမတို့ မှန်းခြေပေါက်မရှိတဲ့အဖြစ်…(မှန်ပါ့)။

ဦးခင်မောင် ဘယ်လို ဆုံးဖြတ်ချက်ချမယ်…(မှန်းခြေပေါက် မရှိတဲ့အဖြစ်ပါဘုရား)။

**စေတနာထားပြီး ပြောနေတာ**

အေး…လူတွေလဲ အများကြီးပါပဲ ဒကာ ဒကာမတို့…အားလုံးအပေါ်မှာ စေတနာထားပြီး ပြောနေတော့ သြော်…

ငါတို့အဖြစ်ဟာ အဖြစ်ဆိုးရှိပါသေးလား၊ မုန်းခြေပေါက် ဘယ်ဟာမှ မကိုက်သေးပါကလား...။ (မှန်ပါ့)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီဘုရား)။

ဘယ်လို ပေါ်ကြသလဲ...။ (မုန်းခြေပေါက် ဘယ်ဟာမှ မကိုက်သေးပါဘုရား)။

မုန်းခြေပေါက် မကိုက်သေးဘူးဆိုတာ သေချာကြပလား...။ (သေချာပါပြီဘုရား)။

ဒါဖြင့် မုန်းခြေပေါက် အလုပ်ကိုဖြင့် လုပ်ဖို့မသင့်ကြဘူးလား...။ (သင့်ပါတယ်ဘုရား)။

ကိုင်း...ဒကာ ဒကာမတို့ မုန်းခြေပေါက်အလုပ်ကို ပြောပါတော့မယ်တဲ့၊ မုန်းခြေပေါက်အလုပ်ကို ကိုက်အောင် ပြောပါတော့မယ်ဆိုတော့ ဒကာ ဒကာမတို့ မုန်းခြေပေါက် အလုပ်ကို ပြောရတော့မယ်ဆိုလို့ရှိရင်ဖြင့် ရှေ့ပိုင်းမှာ သုသိမ မပြောခင် ၁၊၂၊ သုညသာ မှတ်ပေတော့နော်...။ (မှန်ပါ့ဘုရား)။

၁ ရယ်၊ ၂ ရယ်၊ သုညရယ်၊ ဦးခင်မောင် ဘယ်နှစ်မျိုးတုံး...။ (သုံးမျိုးပါဘုရား)။

၁ ရယ်...(၂ ရယ်၊ သုညရယ်ပါဘုရား)၊ ၁ ရယ်၊ ၂ ရယ်၊ သုညရယ်နော်...။ (မှန်ပါ့)။

မှန်းခြေဝါက် အလုပ်ဆိုတာ

ဒကာ ဒကာမတို့ အခု ပြထားတဲ့ သုံးခုသည် ဘာပါလိမ့်...။ (၁-၂-သုညပါဘုရား)၊ ၁ ရယ်၊ ၂ ရယ်၊ သုည ရယ်...။ (မှန်ပါ့)။

ဒါလောက်ဆိုရင် ဒါ ရှေ့ပိုင်းမှာ တိုတိုနဲ့မိအောင် ပြောတဲ့ ဂတိမြဲမှုကို သေသေချာချာ ပြောပါပြီ...။ (မှန်ပါ့ ဘုရား)။

၁ ဆိုတာ ငါလို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါ့)၊ ၂ ဆိုတာ ငါ့ ဥစ္စာလို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါ့)၊ သုညဆိုတာ ငါ့ဥစ္စာ မဟုတ်လို့၊ ဒီဉာဏ်ရလို့ရှိရင်၊ ငါ...ငါ့ဥစ္စာမဟုတ်လို့ရှိရင် သုညဆိုက်တယ်...။ (မှန်ပါ့)။

၁ က ငါ၊ ၂ က...(ငါ့ဥစ္စာပါဘုရား)၊ ၃ က... (ငါ-ငါ့ဥစ္စာမဟုတ်ပါဘုရား)၊ သုည၊ သဘောကျပလား...။ (မှန်ပါ့)။

၁ က...(ငါပါဘုရား)၊ ၂ က ...(ငါ့ဥစ္စာပါဘုရား)၊ ၃ က...(သုညပါဘုရား)၊ ရှင်းကြပလား...။ (ရှင်းပါပြီ ဘုရား)။

သေသေချာချာ ဟောနေပါတယ် ဒကာ ဒကာမတို့၊ ဒါ ခင်ဗျားတို့ ဂတိမြဲဖို့ရာအလုပ်၊ သေသေချာချာ ရှင်းပြနေပါတယ်၊ ၁ က ဘာပါလိမ့်...။ (ငါပါဘုရား)၊ ၂ က

ဘာပါလိမ့်...။ (ငါ့ဥစ္စာပါဘုရား)၊ ၃ က...(သုညပါဘုရား)။

အဲဒီတော့ ဒကာ ဒကာမတို့မှာရှိတဲ့ တရားဟာ များများကျင့်စရာမရှိပါဘူး၊ ၁ ဖြုတ်, ၂ ဖြုတ်ပြီးသကာလ ၃ ကိုယ်ပိုင်ရဖို့ အရေးကြီးတယ်...။ (မှန်ပါ့ဘုရား)။

၁ ကိုလဲ ဖြုတ်ရလိမ့်မယ်...။ (မှန်ပါ့)၊ ၂ ကိုကော... (ဖြုတ်ရပါမယ်)၊ ၃ ဘာလုပ်ရမလဲ...။ (ကိုယ်ပိုင်ရအောင်လုပ်ရပါမယ်ဘုရား)။

၃ ကိုယ်ပိုင်ရအောင် လုပ်ရလိမ့်မယ်၊ ကြပ်ကြပ်စဉ်းစားပါ ဦးခင်မောင်...။ (မှန်ပါ့ဘုရား)။

ဒါ တိုတိုနဲ့ ခင်ဗျားတို့ ကောင်းကင်မြောက်တဲ့ တုတ်ဘဝမှ လွတ်အောင် ဒီသုညဖြစ်လို့ရှိရင် ဘာမှ မပူနဲ့တော့... (မှန်ပါ့ဘုရား)၊ ဒီသုညဖြစ်ရင် မပူပါနဲ့တော့...။

၁ က ဘာပါလိမ့် ဒကာ ဒကာမတို့...(ငါပါဘုရား)၊ ငါနော်...။ (မှန်ပါ့)၊ ၂ က ဘာပါလိမ့်...။ (ငါ့ဥစ္စာပါဘုရား)၊ ၃ က ဘာပါလိမ့်...။ (သုညပါဘုရား)၊ သုည...တဲ့။

ဒီသုံးလုံးတည်း ရှေ့ပိုင်းမှာ ဟောတာဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မမေ့ကြပါနဲ့နော်...။ (မှန်ပါ့)၊ မမေ့ကြပါနဲ့လို့ သေသေချာချာပြောရပါတယ်။

ရှေးက ဘုရားသခင်ကိုယ်တော်မြတ်ကြီးလက်ထက် က...အင်္ဂုတ္တိုရ်ပါဠိတော်ကြီးများမှာ လာတာက မောဃရာဇ

ရဟန်းက အရှင်ဘုရား ကတိမြဲချင်ပါတယ်၊ ရောက်ရာဌာန လဲ မြဲချင်ပါတယ်…ဆိုတော့ကွာ…မင်း ၁ လဲ မဖြစ်စေနဲ့၊ ၂ လဲ မဖြစ်စေနဲ့၊ သုညဖြစ်အောင် လုပ်လိုက်ကွာ မြဲတာ ပါပဲ…။ (မှန်ပါ့)။

ဘာတဲ့တုံး…ဒကာ ဒကာမတို့…(သုညဖြစ်အောင် လုပ်လိုက် မြဲတာပါပဲ)၊ ဘာဖြစ်အောင် လုပ်ရမတဲ့…။ (သုညဖြစ်အောင် လုပ်ရပါမယ်ဘုရား)။

သုညဖြစ်အောင်လုပ်ရမယ်၊ ဒကာ ဒကာမတို့…တစ်ပွဲလုံး မှတ်ကြစမ်းပါ၊ ဒီအရေးဟာ အတော်ကြီးပါတယ်ဆိုတဲ့ ဥစ္စာကိုဖြင့် ခင်ဗျားတို့မှာ ကောင်းကင်မြောက်တဲ့ တုတ်ဘဝမှ လွတ်တဲ့အရေးဟာဖြင့် ဒကာ ဒကာမတို့ ၁ မဖြစ်ဖို့၊ ၂ မဖြစ်ဖို့၊ သုညဖြစ်ဖို့ အရေးကြီးတယ်…။ (မှန်ပါ့ဘုရား)။

ဘာဖြစ်ဖို့ အရေးကြီးပါလိမ့်…။ (သုညဖြစ်ဖို့ အရေးကြီးပါတယ်ဘုရား)။

**သုညဖြစ်ဖို့ အရေးကြီးတယ်**

၁ လဲ မဖြစ်စေနဲ့နော်…။ (မှန်ပါ့)၊ ၂ ကော… (မဖြစ်စေနဲ့)၊ ဘာဖြစ်ရမလဲ…။ (သုညဖြစ်ရပါမယ်)၊ သုညဖြစ်ဖို့ အလွန့်အလွန် အရေးကြီးတယ်ဆိုတာ ပေါ်လာကြပလား…။ (ပေါ်လာပါပြီဘုရား)။

အေး…ဒါကြောင့် ဒါလောက်ဆိုလို့ရှိရင်ဖြင့် တရား

ကလဲ တိုပြန်၊ ဂဏန်းနဲ့လဲ ပြပြန်ဆိုတော့ ဦးခင်မောင် မမှတ်မိစရာ မရှိပါဘူး…။ (မရှိပါဘုရား)။

ကိုင်း…ဒါဖြင့် ဒကာ ဒကာမတို့ ဒီကနေပြီးသကာလ မနေ့ကပြောခဲ့တဲ့ မဂ္ဂင်ငါးပါးနဲ့ ခန္ဓာကိုယ်ထဲမှာ ဒါကလေး တွေက ဝေဒနာဆိုကြပါစို့၊ စိတ်ဖြင့်လဲ စိတ်ဆိုကြပါစို့ နော်…။ (မှန်ပါ)၊ ငါ့စိတ် မဖြစ်စေနဲ့…။ (မှန်ပါ)၊ သဘော ကျပလား…။ (ကျပါပြီဘုရား)။

ငါ့စိတ်…(မဖြစ်စေရပါဘုရား)၊ အဲ…ဒီဥစ္စာ ဒကာ ဒကာမတို့ ၁ နံပါတ်က ငါမဖြစ်စေနဲ့ဆိုတာ ပေါ်လာ တယ်…။ (မှန်ပါဘုရား)။

၁ နံပါတ်က ဘာတုံး…။ (ငါ မဖြစ်စေနဲ့ပါဘုရား)။

၂ နံပါတ်က ဒီဥစ္စာကိုတဲ့၊ ငါ့စိတ်မစမ်းနဲ့ဆိုပြီး ငါ ပိုင်တဲ့ သဘောမျိုးနဲ့လဲ ပြောတတ်ပါတယ်…။ (မှန်ပါ ဘုရား)၊ ထင်ကော မထင်တတ်ဘူးလား…။ (ထင်တတ်ပါ တယ် ဘုရား)။

ဒါဖြင့် ၁ က စိတ်ကို ငါ ထင်တယ်၊ ၂ က စိတ်ကို ငါ့ဥစ္စာထင်တယ်…။ (မှန်ပါဘုရား)၊ သဘောကျပလား…။ (ကျပါပြီဘုရား)။

၁ က စိတ်ကို ဘာထင်ပါလိမ့်…။ (ငါထင်ပါတယ် ဘုရား)၊ ငါထင်တယ်ဆိုတော့ ဒိဋ္ဌိသွားဖြစ်နေတယ်…။ (မှန်ပါ)၊ အတ္တဒိဋ္ဌိသွားဖြစ်နေတယ်…။ (မှန်ပါ)။

ငါ့ဥစ္စာထင်တော့ အတ္တနိယဆိုတာ ဦးခင်မောင် သွား ဖြစ်တယ်...။ (မှန်ပါ့ဘုရား)၊ ဒကာဝ...ဘာသွားဖြစ် သတုံး...။ (အတ္တနိယသွားဖြစ်ပါတယ်ဘုရား)၊ အတ္တနိယ ဆိုတာ ငါ့ဥစ္စာ...(မှန်ပါ့ဘုရား)။

ဟော...စိတ်ကလေးတစ်လုံးတည်းကို ငါထင်ရင် အတ္တ၊ ငါ့ဥစ္စာထင်ရင်...(အတ္တနိယပါဘုရား)။

အတ္တနိယတွေ ဖြစ်ပြီး သကာလနေတော့ အတ္တ– အတ္တနိယ ပြုတ်လို့ရှိရင် ဒကာ ဒကာမတို့ သောတာပန် တည်တော့ ဂတိမြဲတယ်...။ (မှန်ပါ့ဘုရား)။

ဦးခင်မောင် သောတာပန်တည်တော့...(ဂတိမြဲ ပါတယ်ဘုရား)။ ဂတိမမြဲဘူးလား...။ (မြဲပါတယ်ဘုရား)။

ဩော်...ဒါဖြင့် ငါ,ငါ့ဥစ္စာမဟုတ်ဘူး ဒီဥစ္စာ၊ ငါ, ငါ့ဥစ္စာမှ ဆိတ်သုဉ်းတဲ့ အခြေအနေရောက်အောင် ဒကာ ဒကာမတို့ ရှုရလိမ့်မယ်...။ (မှန်ပါ့ဘုရား)။

ငါ, ငါ့ဥစ္စာမှ ဆိတ်သုဉ်းတဲ့ အခြေအနေရောက် အောင်...(ရှုရမှာပါဘုရား)၊ ရှုရတဲ့အခါကျတော့ ဒါ ငါလဲ မဟုတ်ဘူး၊ စိတ်ကလေးတစ်ခုကိုပေါ့လေ၊ ငါလဲ မဟုတ်ဘူး၊ ငါ့ဥစ္စာလဲ မဟုတ်ဘူး၊ ဟုတ်လား...။ (မှန်ပါ့)၊ ငါ, ငါ့ဥစ္စာမှ ဆိတ်သုဉ်းတဲ့သုညပေါ့...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ငါ, ငါ့ဥစ္စာမှ ဆိတ်သုဉ်းတဲ့ ဘာတုံး...။ (သုညပါဘုရား)၊ အဲ...သုညဖြစ်အောင် ဒကာ ဒကာမတို့၊ သုညဖြစ်အောင် ဦးခင်မောင်...လုပ်ရလိမ့်မယ်...။ (မှန်ပါ့)။

ဒါ ဝေဒနာရှုလဲ ဒီအတိုင်းပဲ၊ စိတ်ရှုကော... (ဒီအတိုင်းပါဘုရား)၊ ရုပ်ရှုကော...(ဒီအတိုင်းပါဘုရား)၊ ဒါဖြင့် ငါလဲမဖြစ်စေနဲ့၊ ငါ့ဥစ္စာကော...(မဖြစ်စေနဲ့)၊ ဘာဖြစ်အောင်လုပ်ရမလဲ...။ (သုညဖြစ်အောင် လုပ်ရပါမယ်ဘုရား)။

သုညဖြစ်အောင်၊ ငါ, ငါ့ဥစ္စာမှ ဆိတ်သုဉ်းတဲ့သဘောဖြစ်အောင် လုပ်ပါ...။ (မှန်ပါ့)၊ ဒါ အင်မတန်မိတဲ့ တရားလို့မှတ်လိုက်စမ်းပါ...။ (မှန်ပါ့ဘုရား)။

**မောဃရာဇ ရဟန်း**

အင်မတန် မိတဲ့ တရားဆိုတော့ အဲဒီမှာ မောဃရာဇရဟန်းကို ဟောလိုက်တာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို အရှင်ဘုရား...တပည့်တော် ကောင်းကင်မြှောက်တဲ့ တုတ်ဘဝမှလဲ လွတ်ချင်ပါတယ်၊ သေမင်းမမြင်ရာဌာနကိုလဲတပည့်တော် သွားချင်ပါတယ်ဘုရား...တဲ့။

ဟာ...ဒါဖြင့် မင်း ဒီလိုလုပ်ပါလားကွ၊ "သုညတောလောကံ အဝေက္ခဿု" ဆိုတာ သူ့ကို ဟောတာ...။ (မှန်ပါ့)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

သုညတော လောကံ အဝေက္ခဿု၊
မောဃရာဇ သဒါ သတော၊
အတ္တာနုဒိဋ္ဌိံ ဉဟစ္စ၊
ဧဝံ မစ္စုတရော သိယာ၊
ဧဝံ လောကံ အဝေက္ခန္တံ၊
မစ္စုရာဇာ န ပဿတိ။

သေမင်းတောင် မမြင်ပါဘူးကွပဲ၊ မင်း သွားမည့်နေရာဌာန နောက်ချေးပုံတို့၊ လူကျင်ကြီးပုံတို့၊ ခုနက ပြောခဲ့တဲ့ ခွေးဘဝတို့ ဆိုတာ အသာထားပါတဲ့...၊ အဲဒါ သေစရာရှိပါသေးတယ် တဲ့...။ (မှန်ပါ)၊ အခုဟာက သူ့ကို မမြင်တဲ့ဆီ ရောက်ပြီ ဆိုတော့ နိဗ္ဗာန်ရောက်တယ် ပြောတာ...။ (မှန်ပါ့ဘုရား)၊ ဒီ့ထက် မြဲစရာ ရှိသေးရဲ့လား...။ (မရှိပါဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ တစ်ခုတစ်ခု ရှုလိုက်တဲ့အခါကျတော့ ဒီနာ:မှာ စားချင်တဲ့ စိတ်ကလေး၊ ဝတ်ချင်တဲ့ စိတ်ကလေး ဝမ်းထဲမှာ ပေါ်လာကြတယ် ဆိုကြပါစို့...။ (မှန်ပါ)၊ ဆင်ခြင်တဲ့ စိတ်ကလေးပေါ်လာတယ် ဆိုကြပါစို့...။ (မှန်ပါ့ဘုရား)။

အဲဒါကလေးက ကြည့်လိုက်တဲ့ အခါကျတော့ ငါလားဆိုတော့ မဟုတ်ပါဘူး၊ စိတ်ပါပဲ...။ (မှန်ပါ)၊ ငါ့

ဥစ္စာလားဆိုတော့ ငါ့ဥစ္စာလဲ မဟုတ်ပါဘူး၊ ဒီဟာ စိတ် သဘောပါပဲ…။ (မှန်ပါ့)၊ ဟုတ်လား…။ (မှန်ပါ့)။

အဲဒီတော့ ငါလားလို့မေးတော့ ဘယ့်နှယ်တုံး…။ (မဟုတ်ပါ)၊ စိတ်ပဲ…(မှန်ပါ့)၊ ဦးခင်မောင် ငါလားမေးတော့ တာ ဘာပါလိမ့်…။ (စိတ်ပါဘုရား)၊ ငါ့ဥစ္စာလားလို့ မေးပြန် တော့…(စိတ်ပါဘုရား)။

**အာရုံ္ဒါရကြောင့် ဝေါတာ**

ငါ့ဥစ္စာလဲ မဟုတ်ပါဘူး၊ စိတ်ဆိုတာက အာရုံဒွါရက လုပ်ထားတာ…။ (မှန်ပါ့)၊ ငါက လုပ်ထားတာ ဟုတ်ကဲ့ လား…။ (မဟုတ်ပါ)၊ အာရုံဒွါရကြောင့် စိတ်ပေါ်တာ…။ (မှန်ပါ့)။

ဒါဖြင့် ငါလဲ မဟုတ်၊ ငါ့ဥစ္စာကော…(မဟုတ်ပါ)၊ နောက် ရှုရင်းမတ္တနဲ့ ဒီဟာကလေးဟာက ဒကာ ဒကာမတို့ ငါ, ငါ့ဥစ္စာ မဟုတ်ကြောင်းကို သူက ဆတ်ခနဲ ပျောက် မပြဘူးလား…။ (ပျောက်ပြပါတယ်ဘုရား)။

**ဆိတ်သုဉ်းတဲ့ သဘော**

ပျောက်ပြလိုက်တဲ့အခါကျတော့ ဩော်…ငါလဲ မဟုတ်၊ ငါ့ဥစ္စာလဲ မဟုတ်ပါလား၊ သက်သက် သုညတ သဘောပါလား၊ ငါ, ငါ့ဥစ္စာမှ ဆိတ်သုဉ်းတဲ့ သဘောပါ

လားလို့...မြင်အောင်ကြည့်လိုက်...။ (မှန်ပါ)၊ ဒီစိတ်ကလေး မြင်အောင် ကြည့်ပါ...။ (မှန်ပါ)။

ဒီစိတ်ကလေး ချုပ်ပျောက်သွားတာ မရှိတာကို မြင်အောင် ကြည့်လိုက်စမ်းပါ...။ (မှန်ပါ)၊ သဘောပါကြပလား...။ (ပါ;ပါပြီဘုရား)။

ဒါဖြင့် စိတ်ကလေးတစ်ခု ပေါ်လာလို့ရှိရင်ဖြင့် ငါလား ဒကာ ဒကာမတို့...။ (မဟုတ်ပါဘုရား)၊ ငါလဲ မဟုတ်ဘူး၊ စိတ်ပဲ...။ (စိတ်ပါဘုရား)။

ငါ့ဥစ္စာလားလို့ မေးပြန်တော့ စိတ်ဆိုတာ ထမင်းဟင်းစားချင်ရင် ထမင်းကြောင့် ပေါ်တာ၊ ဟင်းစားချင်ရင်...(ဟင်းကြောင့် ပေါ်တာပါဘုရား)။

အင်း...သူများလုပ်ထားတဲ့ စိတ်ဆိုတော့ ငါ့ဥစ္စာလို့ ဆိုနိုင်ပါ့မလား...။ (မဆိုနိုင်ပါဘုရား)၊ အာရုံဒွါရက လုပ်ထားတာ၊ စာသမားများအတွက်တော့နော်...။ (မှန်ပါ)။

အဲဒီတော့ ငါ့ဥစ္စာကော ဟုတ်ပါရဲ့လား...။ (မဟုတ်ပါ)၊ ကြည့်ရင်းမတ္တနဲ့ ဒီစိတ်ကလေး ဘာဖြစ်သွားသလဲ...။ (ပျောက်သွားပါတယ်)၊ ချုပ်ပျောက်သွားတယ်...။ (မှန်ပါ)။

အဲဒီတော့ ချုပ်ပျောက်သွားတော့ ငါလဲ မဟုတ်၊ ငါ့ဥစ္စာလဲ မဟုတ်ဘူး၊ သက်သက် ငါ, ငါ့ဥစ္စာ မဟုတ်တဲ့ တရားလို့ မသေချာဘူးလား...။ (သေချာပါတယ်ဘုရား)။

သေချာတဲ့အခါကျတော့ ၁ ဆိုတဲ့ ငါလဲ ဟုတ်သေးရဲ့လား...။ (မဟုတ်ပါ)၊ ၂ ဆိုတဲ့ ငါ့ဥစ္စာကော...(မဟုတ်ပါဘုရား)၊ ကဲ...ဒါဖြင့် ငါ, ငါ့ဥစ္စာမဟုတ်တော့ ဘာဖြစ်သွားသလဲ...။ (သုညပါဘုရား)။

သုညတဖြစ်သွားတယ်၊ သုညတဖြစ်သွားတယ်လို့ အဲဒီကျအောင် ဒကာ ဒကာမတွေက ရှုလို့ရှိရင် မဂ္ဂင်ငါးပါးနဲ့ရှုရှုပေး...။ (မှန်ပါ့ဘုရား)။

စိတ်ကလေးတစ်ခု ပေါ်လာလို့ရှိရင် ငါလား ဒကာဒကာမတို့...(မဟုတ်ပါဘုရား)၊ မဟုတ်ရင် ဘာတုံး...။ (သုညပါ)၊ စိတ်ပဲ...။ (မှန်ပါ့)။

**အိပ်ချင်တဲ့ စိတ်**

ဒါကလေးလဲ အဖြေထွက်ကြပါ ဒကာ ဒကာမတို့၊ ဘယ်စိတ်ပေါ်လာလာ ဒကာ ဒကာမတို့၊ အိပ်ချင်တဲ့ စိတ်ကလေး ပေါ်လာတယ်၊ ဒါကလေးဟာ ငါလား...။ (မဟုတ်ပါဘုရား)၊ စိတ်ပဲနော်...။ (မှန်ပါ့)။

ထိနမိဒ္ဓစိတ်ပဲ၊ ထိနမိဒ္ဓ စေတသိက်တို့ ဒါဲ ရှိတာပဲ၊ ဒေါသစိတ်တို့ ဒါပဲရှိတာပဲ...။ (မှန်ပါ့)။

ငါ့ဥစ္စာလားလို့မေးတော့ ထိနမိဒ္ဓဆိုတဲ့ဥစ္စာ ဒကာဒကာမတို့ တွေဝေပြီးသကာလ လာတာ၊ ထမင်းအဆိမ့်

အအိမ့်တွေ စားချင်ခြင်းတည်းဟူသော အာရုံတွေကြောင့် ပျက်တဲ့သဘော ဖြစ်ပြီးသကာလ လာတာ...။ (မှန်ပါ့)။

အိပ်ရာတွေမြင်လို့ အိပ်ချင်တဲ့စိတ်၊ အစားတွေများလို့ အိပ်ချင်တဲ့စိတ် ဆိုပြီးသကာလ ဒီအကြောင်းတွေကြောင့် ဖြစ်တဲ့တရား ဆိုခြင်းကြောင့် ငါ့ဥစ္စာလား...။ (မဟုတ်ပါဘုရား)။

ငါ့ဥစ္စာမဟုတ်ဘူး၊ ကြည့်နေနော်...ဒကာ ဒကာမတို့...။ (မှန်ပါ့)၊ ကြည့်နေရင်းမတ္တနဲ့ ထိနမိဒ္ဓကလေး ဘာဖြစ်သွားသလဲ...။ (ပျောက်သွားပါတယ်ဘုရား)။

အဲဒါကြောင့် ဘုရားက "သံခိတ္တံ ဝါစိတ္တံ သံခိတ္တံ စိတ္တန္တိ ပဇာနာတိ"ကွ...(မှန်ပါ့)၊ "သမုဒယဓမ္မာနုပဿီဝါ ဝယဓမ္မာနုပဿီဝါ"တဲ့...။ (မှန်ပါ့)။

အိပ်ချင်တဲ့ စိတ်ကလေးဟာ ဒကာ ဒကာမတို့ ရှိသေးရဲ့လား...။ (မရှိတော့ပါဘုရား)၊ မရှိတော့ ငါကော ဟုတ်သေးရဲ့လား...။ (မဟုတ်ပါဘုရား)။

ငါ့ဥစ္စာကော...(မဟုတ်ပါ)၊ ဘာဖြစ်သွားသလဲ...။ (ဆိတ်သုဉ်းသွားပါတယ်)၊ ငါ, ငါ့ဥစ္စာမှ ဆိတ်သုဉ်းတဲ့ သုညတဖြစ်သွားတယ်...။ (မှန်ပါ့)။

**၆၊ ငါ့ဥစ္စာမှ ဆိတ်သုဉ်းသွားတာ**

ငါ, ငါ့ဥစ္စာမှ ဆိတ်သုဉ်းသွားတာ...ဘာခေါ်ကြမယ်...။ (သုညတဖြစ်သွားပါတယ်)၊ ငါ, ငါ့ဥစ္စာမှ ဆိတ်သုဉ်းသွားတဲ့ သုညတ (ဝါ) သုည...။ (မှန်ပါ့)၊ သဘောကျပြီလား...။ (ကျပါပြီဘုရား)။

ဒါဖြင့် ဦးဘအုန်းတို့ သုညဖြစ်ဖို့ တယ်အရေးကြီးပါတယ်၊ ဟုတ်လား...။ (ကြီးပါတယ်ဘုရား)၊ မကြီးဘူးလား ဒကာသစ်...။ (ကြီးပါတယ်ဘုရား)။

ဒါဖြင့် ဘာကလေးပေါ်ပေါ် ဒီ ၃ ကျအောင် ဒကာဒကာမတို့ အရောက်သွားစမ်းပါ...။ (မှန်ပါ့ဘုရား)၊ ကဲ... စိတ်ကလေးဟာ ပွံ့လွှင့်နေတယ်၊ ပွံ့လွှင့်နေတာ၊ ငါ ပွံ့လွှင့်နေတယ်ဆိုတာကော ဟုတ်ပါရဲ့လား...။ (မဟုတ်ပါဘုရား)။

သူ့အာရုံကြောင့်, ပေါ်လာတဲ့တရားဖြစ်သောကြောင့် ငါ့ဥစ္စာကော ဟုတ်ပါရဲ့လား...။ (မဟုတ်ပါဘုရား)၊ ဇောက်တော်ကြာကြည့်လိုက်တဲ့အခါကာလ ချုပ်မသွားဘူးလား...။ (ချုပ်သွားပါတယ်ဘုရား)၊ ချုပ်ပျောက်သွားတယ်ဆိုတာ မသေချာဘူးလား...။ (သေချာပါတယ်ဘုရား)။

ဒါဖြင့် ငါ ဟုတ်ကဲ့လား...။ (မဟုတ်ပါ)၊ ငါ့ဥစ္စာ ဟုတ်ကဲ့လား...။ (မဟုတ်ပါ)၊ ဘာဖြစ်သွားပါလိမ့်...။ (ချုပ်ပျောက်သွားပါတယ်ဘုရား)။

သုညတဖြစ်သွားတယ်၊ ငါ, ငါ့ဥစ္စာအဖြစ်မှ ဆိတ်

သုဉ်းသွားတယ်...။ (မှန်ပါ့ဘုရား)၊ ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)။

အဲဒီလို ပေါ်တိုင်း,ပေါ်တိုင်း ဒကာ ဒကာမတွေ ပျက်သွားရင် ဩော်...ငါ, ငါ့ဥစ္စာမဟုတ်ပါလား၊ သုညပဲ၊ ငါ, ငါ့ဥစ္စာမဟုတ်၊ သုညပဲလို့ ဒီလိုသာ ရှုနေ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

**သုညပဲ သုညတပဲလို့သာ ရှုနေ**

ပျက်တိုင်း,ပျက်တိုင်း ဘယ်လိုရှုရမယ်...။ (ငါ, ငါ့ဥစ္စာ မဟုတ်လို့ ရှုရပါမယ်)၊ ငါ,ငါ့ဥစ္စာ မဟုတ်တဲ့ သုညချည်းပဲဆိုတော့ ကဲ...နောက်ကျတော့ နားလည်ပါပြီတဲ့၊ ငါလဲချုပ်၊ ငါလဲ ပြုတ်ပြီးသားတွေ ဖြစ်သွားတယ်၊ ငါ့ဥစ္စာကော...(ပြုတ်ပြီးသားပါဘုရား)၊ အင်း...ပေါ်လာတာကလေးဟာ သုညပဲ...သုညတပဲလို့သာ ရှုနေ...။ (မှန်ပါ့)။

ပေါ်လာတဲ့ စိတ်ကလေးကို ဘယ်လိုရှုရမယ်...။ (သုညတ သုညတလို့ရှုရပါမယ်)၊ သုညတ...သုညတ၊ ဩော်...ငါ, ငါ့ဥစ္စာမှ ဆိတ်သုဉ်းတာပဲ၊ အဓိပ္ပါယ်ရှင်းချင်ရင်ပေါ့ဗျာ...။ (မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ ရှုလိုက်တဲ့အခါကျတော့ သူက သုညတ၊ ဒီက ရှုနေတာကလေးက...(မဂ္ဂပါဘုရား)၊ မဂ္ဂ...သူက

ဘာပါလိမ့်...။ (သုညတပါဘုရား)၊ ရှုနေတာကလေးက... (မဂ္ဂပါဘုရား)။

အဲ...သုညမြင်တာ ဘယ်သူပါလိမ့်မတုံး မေးရင် ဘယ့်နှယ် ပြောကြပါ့မလဲ...။ (မဂ္ဂပါဘုရား)၊ သြော်... မဂ်ကမှ သုညမြင်တာ...။ (မှန်ပါ့)။

မဂ်က...(သုညမြင်တာပါဘုရား)၊ အဲဒါကြောင့် ဘာ ပေါ်လာလာ၊ ဘယ်စိတ်ပေါ်လာလာ၊ ဘယ်ဝေဒနာ ပေါ်လာလာ ဒကာ ဒကာမတို့ ငါလဲမဟုတ်၊ ငါ့ဥစ္စာလဲ မဟုတ်၊ သုညတသာ ဟုတ်နေတာပဲ...။ (မှန်ပါ့)၊ ရှင်း ပလား...။ (ရှင်းပါပြီဘုရား)။

**အာရုံက သုညတ, ရှုတာက မဂ္ဂ**

ငါလဲ...(မဟုတ်ပါ)၊ ငါ့ဥစ္စာလဲ...(မဟုတ်ပါဘုရား)၊ ဘာသာ ဟုတ်ပါလိမ့်...။ (သုညတသာ ဟုတ်ပါတယ် ဘုရား)။

သုညတသာ ဟုတ်တယ်လို့ တစ်ခါတည်း ဉာဏ်နဲ့ တည့်တည့်, တည့်တည့်ပြီး ရှုလိုက်တော့ အာရုံက သုညတ၊ ရှုတာက...(မဂ္ဂပါဘုရား)။

မဂ္ဂဆိုတော့ ဒကာ ဒကာမတို့ တစ်ခါတည်း ငါ... ငါ့ဥစ္စာဆိုတဲ့ ဒိဋ္ဌိတွေနောက်က အကုန်ပြုတ်တယ်...။ (မှန်လှ ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီ)။

ကိုင်း…ဒါဖြင့် သုညတကလေး ရှေ့ကထား၊ ဒကာ ဒကာမတွေက မဂ္ဂနဲ့ရှု…။ (မှန်ပါ့)၊ သဘောကျပလား…။ (ကျပါပြီ)၊ အဲဒီတော့ ဒါကလေး သုညတဖြစ်သွားပြီ၊ ဘယ် စိတ်ကလေးဖြစ်ဖြစ် သုညတဖြစ်သွားပြီဆိုလို့ရှိရင်ဖြင့်တဲ့၊ ဒကာ ဒကာမတို့သိတဲ့အတိုင်း ရှေ့က သုညတ၊နောက်က… (မဂ္ဂပါဘုရား)၊ သေတာက အတ္တ၊ အတ္တနိယ…(မှန်လှပါ)၊ မှတ်မိပလား…။ (မှတ်မိပါပြီ)။

သေတာက…(အတ္တ အတ္တနိယပါ)၊ အတ္တက ငါ၊ အတ္တနိယက ငါ့ဥစ္စာ…။ (မှန်ပါ့)၊ ဒိဋ္ဌိတဏှာသေတယ်…။ (မှန်ပါ့)၊ ရှုတတ်ပလား…။ (ရှုတတ်ပါပြီ)၊ ဒါ တိုတိုနဲ့ ပြတာနော်…။ (မှန်လှပါဘုရား)။

တိုတိုနဲ့ပြတာ၊ ဒကာ ဒကာမတွေက သေးသေး အမိပ္ပါယ်လို့ မမှတ်လိုက်ပါနဲ့၊ မောဃရာဇ ရဟန်းကို ဘုရားက ဟောတော်မူတာ…။ (မှန်ပါ့ဘုရား)။

ကိုင်း…ဒကာ ဒကာမတို့ မြင်တိုင်း,မြင်တိုင်း ဘာ ဖြစ်အောင် ရှုရမတုံး…။ (သုညတဖြစ်အောင် ရှုရပါမယ် ဘုရား)။

ဒါဖြင့် ရှေ့က သုညတ၊ နောက်က…(မဂ္ဂပါဘုရား)၊ သေတာက…(အတ္တ အတ္တနိယပါဘုရား)။

အတ္တနဲ့ အတ္တနိယ၊ တစ်ခါတည်း ဒိဋ္ဌိပြုတ်တယ်…။

(မှန်ပါ့)၊ ဒကာ ဒကာမတို့ ဘာပြုတ်ပါလိမ့်...။ (အတ္တနဲ့ အတ္တနိယပြုတ်ပါတယ်ဘုရား)။

ဒိဋ္ဌိတဏှာ ပြုတ်တယ်

အတ္တဆိုတာ ငါနော်...။ (မှန်ပါ့)၊ အတ္တနိယဆိုတာ... (ငါ့ဥစ္စာပါဘုရား)၊ ငါ့ဥစ္စာပြုတ်သွားတယ်ဆိုတော့ အတ္တက ငါ၊ ငါ့ဥစ္စာဆိုတာက တဏှာ...(မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)၊အင်း...ဒိဋ္ဌိတဏှာ ပြုတ်သွားတယ်။

ဒကာ ဒကာမတို့ ဘာပြုတ်ပါလိမ့်...။ (ဒိဋ္ဌိတဏှာ ပြုတ်ပါတယ်ဘုရား)၊ ဩော်...ခင်ဗျားတို့က ဘယ်လိုများ မြင်လိုက်လို့ ပြုတ်တာပါလိမ့်...။ (သုညတမြင်လိုက်လို့ ပြုတ်တာပါဘုရား)၊ ဦးခင်မောင် အတော်မိပြီ...။ (မှန်ပါ့)၊ ဦးဝ အတော်မိတဲ့တရားဆိုတာ သေချာပလား...။ (သေချာ ပါပြီ ဘုရား)။

အင်မတန် ဂရုစိုက်ပြီး ဦးဖဲရင်တို့ သတိပေးတယ် နော်...။ (မှန်ပါ့ဘုရား)၊ သတိပေးနေတယ် ဒကာ ဒကာမ တို့၊ ဒီနှစ်လုံးသည် ခင်ဗျားတို့ ကောင်းကင်မြောက်တဲ့ တုတ် ဘဝမှ လွတ်မယ်...။ (မှန်ပါ့ဘုရား)။

ဒီ...အတ္တ အတ္တနိယပြုတ်ပါတယ်ဆိုကတည်းက ဒိဋ္ဌိ ပြုတ်သွားပကောဗျ...။ (မှန်ပါ့ဘုရား)၊ ဒိဋ္ဌိပြုတ်ရင် ဝိစိကိစ္ဆာ အလိုလိုပါသွားတယ်...။ (မှန်လှပါ)။

**ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်ရင် သောတာပန်**

ဒိဋ္ဌိပြုတ်ရင်...(ဝိစိကိစ္ဆာ အလိုလို ပါသွားပါတယ် ဘုရား)၊ အဲဒီတော့ ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်ရင် သောတာပန် အစစ်...။ (မှန်ပါ့ဘုရား)၊ သဘောကျပလား...။ (ကျပါပြီ)။

ဒီ...သောတာပန်အစစ်ဆိုလို့ရှိရင် ဒကာ ဒကာမတို့ စုတေမနေ့ သေလွန်တဲ့အခါကျလို့ရှိရင် သောတာပန်အဖြစ် နဲ့ သေသွားတဲ့အခါ သုဂတိမှတစ်ပါး ဘယ်သွားသေး သတုံး...။ (ဘယ်မှမသွားပါဘုရား)။

ကောင်းကင်မြှောက်တဲ့တုတ်လို ချချင်သလိုကျတာ လား၊ မှန်းခြေပေါက်ရှိသလား...။ (မှန်းခြေပေါက်ရှိပါတယ် ဘုရား)၊ အဲဒီတော့ ဒကာ ဒကာမတို့ ဒီသုညကလေး ဖြစ်အောင်ဟာ ခင်ဗျားတို့ ဝန်မလေးကြပါနဲ့...။ (မှန်ပါ့ ဘုရား)။

သုညကလေးဖြစ်အောင်...(ဝန်မလေးကြပါနဲ့ဘုရား)၊ ဝန်မလေးကြပါနဲ့ဆိုတာ သေသေချာချာပြောပါတယ်...။ (မှန်ပါ့ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ခန္ဓာကိုယ်ဟာလဲ ကောင်းကင် မြှောက်တဲ့ တုတ်လို မမြဲဘူး...။ (မှန်ပါ့)၊ ခင်ဗျားတို့ သားသမီးတွေကလဲ...(မမြဲပါဘုရား)။

မမြဲသေးတော့ ဒီ...သုညတဆိုက်အောင်လုပ်နိုင်တဲ့ ပုဂ္ဂိုလ်ဖြင့်...(မြဲပါတယ်ဘုရား)၊ မြဲပြီး **သုညဆိုက်အောင်** လုပ်နိုင်တဲ့ ပုဂ္ဂိုလ်ဖြင့်...(မြဲပါပြီဘုရား)။

မြဲပြီဆိုတာ သေချာပလား...။ (သေချာပါပြီ)၊ ဒါဖြင့် ဒီ...သုညတသည် ငါတို့ကို ကယ်မည့်သူ သုညတ... (မှန် လှပါဘုရား)၊ ဘယ်လိုဆိုကြမယ်...(သုညတသည် ငါတို့ကို ကယ်ယူမည့် သုညတပါဘုရား)။

ငါတို့ကို ကောင်းကင်မြောက်တဲ့ တုတ်ဘဝမှ လွတ် အောင်လုပ်တဲ့...သုညတ...(မှန်ပါ)၊ ဆိုနိုင်ကြမလား...။ (ဆိုနိုင်ပါတယ်ဘုရား)။

ကဲ...ဒါဖြင့် ဒီအလုပ်ဟာ ဒကာ ဒကာမတို့ ခဲယဉ်း သလားလို့ တစ်ခါ မေးပြန်ဦးမယ်...။ (မခဲယဉ်းပါ)၊ မခဲ ယဉ်းဘူးနော်...။ (မှန်ပါ)၊ ဒါဖြင့် ငါလဲ မဟုတ်ဘူး၊ ငါ့ဥစ္စာ လဲ မဟုတ်ဘူး၊ ပျက်သွားတဲ့ ဓမ္မကလေးဟာ ငါ...ငါ့ ဥစ္စာမှ ဆိတ်သုဉ်းတဲ့ ဓမ္မပဲ...လို့ ဆိုတာ ဝန်လေးသလား...။ (မလေးပါဘုရား)။

ဘယ်ဟာ ပေါ်လာလာ...ငါ...ငါ့ဥစ္စာရှိသေးရဲ့ လား...။ (မရှိပါဘုရား)၊ ခန္ဓာထဲ စိုက်ကြည့်ပါ ဒကာ ဒကာမတို့၊ ဝေဒနာကလေးပေါ်လာလဲ ကြည့်စမ်း၊ ငါလား...။ (မဟုတ်ပါဘုရား)။

ငါ မဟုတ်ပါဘူး...ဝေဒနာပါ ဒကာ ဒကာမတို့...။ (မှန်ပါ့)၊ ငါ့ဥစ္စာလားဆိုလို့၊ အို...ငါ့ဥစ္စာမဟုတ်ပါဘူး၊ ဖဿပစ္စယာ ဝေဒနာပါ...။ (မှန်ပါ့)၊ ဖဿက လုပ်ထားတာပါ...။ (မှန်လှပါ)၊ သေချာပလား...။ (သေချာပါပြီဘုရား)။

ဒါကလေးဟာ ကြည့်ရင်းမတ္တနဲ့ တစ်ခါ ဆိတ်သုဉ်းသွားပြန်တော့ ငါ, ငါ့ဥစ္စာအဖြစ်မှ မရှိပါကလားဆိုတာ မတွေ့ဘူးလား...။ (တွေ့ပါတယ်ဘုရား)။

ဒါဖြင့် ငါ, ငါ့ဥစ္စာမရှိတာသည်ကားလို့ဆိုရင်ဖြင့် သုညတ...(မှန်ပါ့)၊ မြင်တာက...(မဂ္ဂပါ)၊ သေတာက... (အတ္တ–အတ္တ...နိယပါဘုရား)၊

အတ္တ–အတ္တနိယ၊ တစ်ခါတည်း ဒိဋ္ဌိပြုတ်ထွက်သွားတယ်...။ (မှန်ပါ့)၊ တစ်ခါတည်း ဒိဋ္ဌိပြုတ်ထွက်သွားတော့ ဒီတရားထက်ပိုင်တာ ဒကာ ဒကာမတွေ ရှိသေးရဲ့လား...။ (မရှိပါဘုရား)။

အဲဒီလောက်တောင် ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ သြော်...ဘာပဲပေါ်ပေါ် သုညဖြစ်အောင် လုပ်ဖို့ရာ တို့အရေးပါကလား...။ (မှန်လှပါ)။

သုညဖြစ်အောင် တို့က ရှုနိုင်လို့ရှိရင်ဖြင့် မရှိတာတွေ့မယ်၊ ပြင်မယ် မရှိတာသိရင်ဖြင့် သုညဖြစ်တာပဲ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

မရှိတာသိရင်...(သုညဖြစ်ပါတယ်)၊ မရှိတာ ၁ လို့လဲ ရေးလို့ဖြစ်ကဲ့လား ဦးခင်မောင်...(မဖြစ်ပါဘုရား)၊ ၂ ကော ရေးလို့ဖြစ်ကဲ့လား...(မဖြစ်ပါဘုရား)၊ ဘာရေးမတုံး မရှိတာ...(သုညရေးရပါမယ်ဘုရား)။

ဒါကြောင့် သုညလို့ ဆရာဘုန်းကြီးက ပြောနေတယ်၊ စာလိုတော့ သုညတ...(မှန်လှပါဘုရား)၊ ခင်ဗျားတို့ ၁ ဆိုတဲ့ ငါကော ရေးလို့ဖြစ်ကဲ့လား...။ (မဖြစ်ပါဘုရား)၊ ၂ ဆိုတဲ့ ငါ့ဥစ္စာကော...(မဖြစ်ပါဘုရား)၊ ဘာရေးမတုံး...။ (သုညရေးရပါမယ်ဘုရား)၊ ဟောဒီဉာဏ်နဲ့ သုညသာရေး... (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် သူက သုည (ဝါ) သုညတ၊ သူက ဘာတုံး...။ (မဂ္ဂပါဘုရား)၊ အင်း...သေတာက ဘာပါလိမ့်...။ (အတ္တနဲ့ အတ္တနိယပါဘုရား)။

အတ္တ–အတ္တနိယဆိုတော့ ၁ နဲ့ ၂ ပြုတ်သွားတယ်...။ (မှန်ပါ့ဘုရား)၊ ဒကာ ဒကာမတွေ ဘာပြုတ်သွားသလဲ...။ (၁ နဲ့ ၂ ပြုတ်သွားပါတယ်ဘုရား)။

၁ နဲ့ ၂ ပြုတ်ပြီး ဉာဏ်ထဲမှာ သုညကျန်ရစ်တယ်...။ (မှန်ပါ့ဘုရား)၊ ဉာဏ်ထဲမှာ ဘာကျန်ရစ်ပါလိမ့်...။ (သုညကျန်ရစ်ပါတယ်ဘုရား)။

**အထက် နတ်ပြည်သာ သွားခြင်း**

နားလည်ကြရဲ့လား...နားလည်ကြရဲ့လား...။ (နားလည်ပါတယ်ဘုရား)၊ ဘုန်းကြီးကဖြင့် စိတ်ရောကိုယ်ပါ ဒကာ ဒကာမတို့ ကောင်းကင်မြောက်တဲ့ဘဝမှ တစ်ခါတည်း လွတ်ပြီးသကာလ ကဲ...ဒီဘဝက သောတာပန်တည်၊ တည်ပြီးသကာလ နတ်ရွာသုဂတိပဲ၊ ခင်ဗျားတို့ ဘယ်မှ မသွားဘူး၊ အထက်သာတက်...။ (မှန်ပါ့ဘုရား)။

နတ်ပြည်က တစ်ခါ သောတာပန်တည်ပြီးသကာလ အထက် အထက် မဂ်သာ တက်သွားတယ်ဆိုတာ သေချာပလား...။ (သေချာပါပြီ)။

အဲဒီတော့ ငါတို့ဟာဖြင့် စုန်သမား, မျောသမား မဟုတ်တော့ဘူး...။ (မှန်ပါ)၊ အမြုပ်သမား, အမျောသမား...(မဟုတ်တော့ပါဘုရား)၊ အင်း...အဆန်သမားသက်သက်...။ (မှန်ပါ့ဘုရား)။

ဦးခင်မောင် ဘာတဲ့တုံး...။ (အဆန်သမားသက်သက်ပါဘုရား)၊ ဒကာ ဒကာမတွေ ယခုတော့ဖြင့် မြုပ်ချည်တစ်လှည့်၊ မျောချည်တစ်လှည့်ဆိုတော့ ကောင်းကင်မြှောက်တဲ့ တုတ်လို ဖြစ်နေတယ်...။ (မှန်လှပါဘုရား)၊ သေချာကြရဲ့လား...။ (သေချာပါတယ်ဘုရား)။

အဲဒါကြောင့် ကောင်းကင်မြှောက်တဲ့တုတ်လို ကျချင်

သလို ကျတဲ့ ဘဝမှ လွတ်ချင်ကြလို့ရှိရင် သုညဖြစ်အောင် ရှုပါ...။ (မှန်လှပါဘုရား)။

တရားတော်က ကယ်တင်တယ်

မိပြီ ဒကာ ဒကာမတို့၊ တရားတော့ဖြင့်...(မှန်ပါ့)၊ တရားကဖြင့် ခင်ဗျားတို့ကို အကုန်ကာကွယ်တော့မှာပဲ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)၊ တရားကဖြင့် ခင်ဗျားတို့ကို အကုန်ကယ်တင်မှာပဲ...။ (မှန်ပါ့)။

ဦးခင်မောင် ဘာတဲ့တုံး...။ (တရားကဖြင့် ကာကွယ်ပါမယ်ဘုရား)၊ တရားက ကယ်တင်ချင်ပါတယ်၊ ကယ်တင်နိုင်တဲ့ စွမ်းရည်သတ္တိရှိပါတယ်၊ "ဓာရေတ္တီတိ ဓမ္မောကိုး"... (မှန်ပါ့)။

ဓာရေတိ–ဆောင်တတ်၏၊ ဣတိတသ္မာ–ထို့ကြောင့်၊ ဓမ္မော–ဓမ္မမည်၏...ဆိုတော့ တရားကတော့ ကယ်တင်နိုင်တဲ့ သတ္တိရှိတယ်၊ ခင်ဗျားတို့က ဒီတရားကို ဝမ်းထဲရောက်အောင် မသွင်းလို့ရှိရင်ဖြင့် သူက ပြင်ဘက်ကတော့ မကယ်နိုင်ဘူး...။ (မှန်ပါ့ဘုရား)၊ သဘောကျပလား...။ (ကျပါပြီ)။

ပြင်ဘက်ကကော...(မကယ်တင်နိုင်ပါဘုရား)၊အတွင်းရောက်ရင်တော့...(ကယ်တင်နိုင်ပါတယ်ဘုရား)၊ ဒါဖြင့် ခင်ဗျားတို့က သူ့ကိုပဲ အတွင်းရောက်အောင် ကြိုးစားပါ...

ဆိုတာ ဒကာ ဒကာမတို့ ပြောဖို့ လိုသေးသလား...။ (မလို ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီနေ့ တရားမှာ ဘာမြင်မြင် ရုပ်မြင်လဲ သုညတဖြစ်အောင်ရှု၊ နာမ်မြင်ကော...(ရှုရပါ မယ်)၊ သူက သုညတဆိုတော့ မြင်တာက...(မဂ္ဂပါဘုရား)၊ သေတာက...(အတ္တနဲ့ အတ္တနိယပါဘုရား)။

အတ္တ–အတ္တနိယ၊ အတ္တက ဒိဋ္ဌိ၊ အတ္တနိယက တဏှာ...(မှန်ပါ)၊ သူတို့ ပါသွားတယ် ဆိုကတည်းက အဝိဇ္ဇာကလဲ ရောချုပ်ပြီ...။ (မှန်ပါ)၊ မချုပ်သေးဘူးလား...။ (ချုပ်ပါတယ်ဘုရား)၊ အဲဒါတွေ သေသေချာချာ ဆရာ ဘုန်းကြီးက ရှင်းလင်းပြီးသကာလ ပြနေတော့ သြော်... တို့သည် ကောင်းကင်မြွောက်တဲ့ တုတ်လို အရင်းကကျ၊ အဖျားကကျ၊ အလယ်ကကျ၊ တို့မှာ အခုအတိုင်းသာနေလို့ ရှိရင် အကျမမြဲသေးပါကလား...။ (မှန်ပါဘုရား)၊ သဘော ကျပလား...။ (ကျပါပြီ)။

ငရဲလဲ ကျနိုင်တယ်ဆိုတာပဲ၊ နတ်ရွာသုဂတိကော... (ရောက်နိုင်ပါတယ်ဘုရား)၊ အင်း...ဟင် တိရစ္ဆာန်ဘုံကော... (သွားနိုင်ပါတယ်ဘုရား)။

သွားနိုင်တယ်ဆိုတော့ကိုယ့်မှန်းခြေပါသေးသလား...။ (မပါ,ပါဘုရား)၊ ဟောဒါကတော့ ကိုယ့်မှန်းခြေ၊ အထက် သာ ဆန်တယ်...။ (မှန်ပါ)။

ဒကာ ဒကာမတို့ ဒါ...ကိုယ့်မှန်းခြေပဲ၊ အထက်သာ ဆန်တော့တယ်၊ အောက်မစုန်တော့ပါဘူး...။ (မှန်ပါ့ဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်လိုရှုရင် အထက်ဆန်သလဲ... (သုညဖြစ်အောင်ရှုရင် အထက်ဆန်ပါတယ်ဘုရား)။

သုညဖြစ်အောင် ရှုစမ်းပါ...။ (မှန်ပါ့ဘုရား)၊ အားလုံး ဒကာ ဒကာမတွေ ဘယ်လိုဖြစ်အောင် ရှုရပါမယ်...။ (သုည ဖြစ်အောင် ရှုရပါမယ်ဘုရား)။

**သုညတဆိုက်အောင် ရှုပါ**

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မောဃ ရာဇ–မောဃရာဇ၊ ရဟန်း၊ လောကံ–မင်းသန္တာန်၌ရှိတဲ့ ဝေဒနာ, သညာစိတ် အစရှိသည်ကို၊ သုညတော–သုညတ ဆိုက်အောင်၊ အဝေက္ခဿု–စေ့စေ့ငုငုရှုပေးကွ...။ (မှန်ပါ့)။

ဒါကလေး သုညတဆိုက်အောင် ရှုပေး...။ (မှန်ပါ့)၊ ရုပ်ကိုလဲ သုညတဆိုက်အောင်...(ရှုပေးရပါမယ်)၊ ဝေဒနာ ပေါ်လာရင်...(သုညတဆိုက်အောင် ရှုပေးရပါမယ်ဘုရား)။

သုညတဆိုက်အောင် ရှုပါ၊ စိတ်ပေါ်လာရင်... (သုညတဆိုက်အောင် ရှုရပါမယ်)၊ သူ မဆိုက်စရာကော ဦးဘာအုန်း ရှိသေးရဲ့လား...။ (မရှိပါဘုရား)၊ စိတ်ကလေး တစ်ခု ပေါ်လာတယ်၊ ဒေါသစိတ်ကလေး ပေါ်လာတယ် ဒကာ ဒကာမတို့၊ ဒါဟာ...ငါလားလို့ မေးတော့ ဒေါသ

စိတ်...(မှန်ပါ့ဘုရား)၊ ငါ ဟုတ်ကဲ့လား...။ (မဟုတ်ပါဘုရား)။

ငါ့ဥစ္စာလားလို့ မေးတော့ ဒီ ဒေါသနဲ့ သမီးနဲ့ မတည့်လို့ ဖြစ်တဲ့ ဒေါသ၊ သမီး အာရုံကြောင့် ဖြစ်တာ... (မှန်ပါ့)၊ ကိုယ်လုပ်ထားတာ ဟုတ်သေးရဲ့လား...။ (မဟုတ်ပါဘုရား)၊ ဟို အာရုံက လုပ်ထားတာဆိုတာ မသေချာဘူးလား...။ (သေချာပါတယ်ဘုရား)၊ အဲဒီတော့ ငါ့ဥစ္စာကော ဟုတ်သေးရဲ့လား...။ (မဟုတ်ပါဘုရား)။

ကြည့်ရင်းမတ္တနဲ့ ဒါကလေးက ချုပ်သွားတော့ ဒကာ ဒကာမတို့ ငါ, ငါ့ဥစ္စာမှ ဆိတ်သုဉ်းတဲ့ တရား...(မှန်ပါ့)၊ ဖြစ်နိုင် မဖြစ်နိုင်...(ဖြစ်နိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဒီတရား ဘာတရား ခေါ်ကြမယ်...(သုညတတရားပါဘုရား)၊ အဲ...သုညတ တရားကို ဒကာ ဒကာမတွေက သုညတဆိုက်တိုင်း, ဆိုက်တိုင်း ဒီက...နောက်ကနေ မဂ်လိုက်ပေးစမ်းပါ...။ (မှန်ပါ့ဘုရား)၊ သုညတ–မဂ္ဂ၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ရှေ့က ဘာပါလိမ့်...။ (သုညတပါဘုရား)၊ နောက်က...(မဂ္ဂပါဘုရား)၊ ဩော်...သုညတ နောက်က မဂ္ဂလိုက်, လိုက်တဲ့အခါကျတော့ အတ္တနဲ့ အတ္တနိယဟာ ဘာဖြစ်သွားသလဲ... (သေသွားပါတယ်ဘုရား)။

ဩော်…ဒီမဂ်က ဖြတ်ပစ်လိုက်တယ်…။ (မှန်ပါ့)၊ သူတို့ရှိမှသာလျှင် ဒကာ ဒကာမတို့ ဂတိမမြဲမှာကိုး…။ (မှန်ပါ့)၊ အတ္တ–အတ္တနိယာရှိရင်ကော…(ဂတိမမြဲပါဘုရား)။

အတ္တက ငါနော်…။ (မှန်ပါ့)၊ အတ္တနိယက…(ငါ့ဥစ္စာပါ)၊ အတ္တက ဒိဋ္ဌိ၊ အတ္တနိယက လောဘ…(မှန်ပါ့)၊ သေချာပလား…။ (သေချာပါပြီ)။

အတ္တက…(ဒိဋ္ဌိပါဘုရား)၊ အတ္တနိယက…(လောဘပါဘုရား)၊ ဩော်…ဒိဋ္ဌိနဲ့ လောဘပါကလား…။ (မှန်ပါ့)၊ပေါ်ကြပလား…။ (ပေါ်ပါပြီ)။

**သေမင်း မမြင်နိုင်ပါ**

အဲဒီ ဒိဋ္ဌိနဲ့ လောဘ မပြုတ်ဘူးလား…။ (ပြုတ်ပါတယ်)၊ ပြုတ်ကတည်းကိုက ဦးခင်မောင်ရေ…မောဃရာဇရဟန်း သဒါ–အခါခပ်သိမ်း၊ သတော–သတိရှိသည်ဖြစ်၍၊ လောကံ–ရုပ်နာမ်လောကကို၊ သုညတော၊ သုညတဆိုက်အောင်၊ အဝေက္ခဿု–ရှုလိုက်စမ်းပါကွ၊ ဧဝံ–ဤသို့၊ လောကံ–လောကကြီးကို၊ အဝေက္ခန္တံ–စေ့စေ့ငုငု ကြည့်ရှုသော ပုဂ္ဂိုလ်ကို၊ မစ္စုရာဇာ–သေမင်းသည်၊ နပဿတိ–မမြင်တော့ဘူး။

နိဗ္ဗာန်သွားမည့် ပုဂ္ဂိုလ်ကို သေမင်းက မြင်သေးရဲ့

လား...။ (မမြင်ပါဘုရား)၊ နိဗ္ဗာန်သွားမည့် ပုဂ္ဂိုလ်... (သေမင်းက မမြင်ပါဘုရား)၊

သေမင်းက မြင်သေးရဲ့လား...။ (မမြင်ပါဘုရား)၊ ဪ...ဒါဖြင့် တို့အလုပ်သည် သိပ်ပြီး ပင်ပန်းတဲ့အလုပ်လား၊ ပေါ်လာတဲ့ ဓမ္မကို ငါ...ငါ့ဥစ္စာမဟုတ်ကြောင်း သိဖို့အလုပ်ပဲ...(မှန်ပါ့ဘုရား)၊ ပေါ်လာတဲ့ ဓမ္မတွေ ဘယ့်နှယ်ဆိုကြမယ်...။ (ငါ...ငါ့ဥစ္စာမဟုတ်ကြောင်း သိဖို့အလုပ်ပါဘုရား)၊ ငါ...ငါ့ဥစ္စာမဟုတ်ကြောင်း သိဖို့အလုပ်ပဲ။

ဒါဖြင့် ဒီတရားသည် ဒကာ ဒကာမတို့ သုသိမလဲပြောရမှာဖြစ်လို့ ဒီအတိုကောက်ကလေးတွေလဲ ခင်ဗျားတို့အိမ်မှာ ရှုဖြစ်ပါစေလို့ အမျိုးမျိုးကို တန်ဆာဆင်ပြောနေရတယ်...။ (မှန်လှပါဘုရား)၊ ဒါက ရှုတတ်ဖို့ပြောနေတာ...။ (မှန်ပါ့)၊ ရှင်းပြီနော်...။ (မှန်ပါ့)။

ကိုင်း...ဒါဖြင့် ဘယ်တရားပေါ်လာလာ သုညတဆိုက်အောင်ရှု...။ (မှန်လှပါ)၊ သဘောကျပလား...။ (ကျပါပြီ)။

ဘယ်တရားပေါ်လာလာ...(သုညတဆိုက်အောင်ရှုရပါမယ်)၊ ဟုတ်ကော မဟုတ်ဘူးလား...။ (ဟုတ်ပါတယ်ဘုရား)၊ ငါလား...ဒီတရားကလေး...(မဟုတ်ပါဘုရား)၊ ငါ့ဥစ္စာလား...(မဟုတ်ပါဘုရား)၊ ဒါဖြင့် ငါ, ငါ့ဥစ္စာမှ ဆိတ်သုဉ်းတဲ့တရား ဘာခေါ်ကြမယ်...(သုညတတရားပါဘုရား)။

အဲဒီက သုညတ ဆိုက်တော့ကို ဒီ...ရှုတာက... (မဂ္ဂပါဘုရား)၊ သေတာက...(အတ္တ အတ္တနိယပါဘုရား)၊ သြော်...အတ္တ အတ္တနိယဆိုတော့ တဏှာဥပါဒါန် ကံ-တွေ၊ ဦးခင်မောင်တို့၊ ဦးဝတို့ အကုန်ချုပ်ကုန်ပြီ...။ (မှန်လှပါ)၊ ဇာတိ,ဇရာ မရဏတွေ လာနိုင်သေးရဲ့လား...။ (မလာနိုင်ပါဘုရား)။

သြော်...ဒါဖြင့် ဒကာ ဒကာမတို့ ဇာတိ, ဇရာ, မရဏတွေချုပ်ရာ, ဆိမ်းရာ, ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကိုပဲ ဒကာ ဒကာမတို့ သောတာပတ္တိမဂ်ရတယ်ဆိုလဲ အထက်သို့ဆန်၊ လေးမဂ်စလုံး ရသွားမယ်ဆိုလို့ရှိရင်လဲ လားရာဂတိကိုပဲ ရှိသေးရဲ့လား...။ (မရှိပါဘုရား)။

**လားရာဂတိ ဆိုတာ**

လားရာဂတိ မရှိဘူးဆိုတဲ့ဥစ္စာ သေချာပလား...။ (သေချာပါပြီ)၊ အဲ...ဒီပြင်ဟာတွေမှာ လားရာဂတိတွေက ရှိရှိနေတယ် ဦးခင်မောင်ရေ...။ (မှန်လှပါဘုရား)။

လားရာဂတိဆိုတဲ့ ဥစ္စာသွားရာဌာနကို ဆိုပါတယ်...။ (မှန်ပါ့ဘုရား)၊ ဂတိမိဂါနံ-ပဝနံကိုးဗျ၊ စာက လာတာက... (မှန်ပါ့)၊ မိဂါနံ-သားသမင်တို့၏၊ ဂတိ-လားရာကား၊ ပဝနံ-တောတည်း...။ (မှန်ပါ့)။

**သမင်တို့၏ လားရာသည် တော**

သားသမင်တွေက ခင်ဗျားတို့ စဉ်းစားကြည့်၊ ခင်ဗျားတို့က ခြောက်လှန့်လိုက်လို့ရှိရင် ဘယ်မှ မပြေးဘူး၊ တောထဲပဲ ပြေးတယ်...။ (မှန်ပါ့)။

သားသမင်တွေဟာ ခင်ဗျားတို့က ခြောက်လှန့်လိုက်ရင် ဘယ်ပြေးပါလိမ့်...။ (တောထဲပြေးပါတယ်ဘုရား)၊ အဲဒါကြောင့် "ဂတိ-မိဂါနံ-ပဝနံ..."မိဂါနံ-သားသမင်တို့၏၊ ဂတိ-လားရာကား၊ ပဝနံ-တောတည်း၊ တောထဲသာ ပြေးလေ့ရှိတယ်...။ (မှန်ပါ့)။

**ငှက်တို့၏ လားရာသည် ကောင်းကင်**

အာကာသော ပက္ခီနံဂတိ-တဲ့၊ ငှက်များကတော့ မောင်းလိုက်လို့ရှိရင် ကောင်းကင်ပျံပြေးတာပဲ...။ (မှန်ပါ့)၊ ငှက်တို့၏ လားရာကတော့ ဘာပါလိမ့်...။ (ကောင်းကင်ပါဘုရား)၊ ဂတိမိဂါနံ၊ ပဝနံ၊ အာကာသော ပက္ခီနံဂတိ...ဆိုတဲ့ အတိုင်းတဲ့ ဒကာ ဒကာမတို့၊ သားသမင်ကတော့ တောထဲ ပြေးတယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)။

သားသမင်ကတော့ ဘယ်ပြေးသလဲ...။ (တောထဲ ပြေးပါတယ်ဘုရား)၊ အင်း...သူတို့အားကိုးရာ ဒါပဲ ထင်တာပဲ...။ (မှန်ပါ့ဘုရား)။

"အာကာသော ပဏ္ဍိန်ဂတိ၊ ဝိဘဝေါဂတိ ခမ္မာနံ" ခင်ဗျားတို့ ဟောဒီ တရားကလေးဟာ စိတ်တရား၊ ဝေဒနာ တရားကလေးဟာတော့ဖြင့် ပျောက်ပျက်တာ သူတို့ ဂတိလို့ မှတ်ပါ...။ (မှန်ပါ)၊ အဲဒီ ဂတိမြင်ဖို့ အရေးကြီးပါတယ်...။ (မှန်လှပါဘုရား)။

"ဝိဘဝေါ ဂတိ ခမ္မာနံ" ခမ္မာနံ–ရုပ်–နာမ် ဓမ္မတို့၏၊ ဝိဘဝေါ–ကင်းရာသည်၊ ဂတိ–ဂတိပဲ...။ (မှန်ပါ)၊ သူတို့၏ လားရာပဲဆိုတော့ ဒကာ ဒကာမတို့ မြင်ဖို့ရာက ဒါကလေး သိပ်အရေးကြီးပါတယ်...။ (မှန်ပါဘုရား)။

သုညဖြစ်သွားတဲ့ အမြင်ကလေးဆိုတော့ သူ ဘယ်ပြေးသွားတယ်လို့ သိသေးရဲ့လား ဒကာ ဒကာမတို့... (မသိပါဘုရား)၊ ပျောက်သွားတာပဲ...။ (မှန်ပါ)၊ ပျောက်သွား တော့ သုညတ မဖြစ်သေးဘူးလား...။ (ဖြစ်ပါတယ်ဘုရား)။

အဲဒါကြောင့် "ဝိဘဝေါ ဂတိ ခမ္မာနံ" ခမ္မာနံ– တရားတို့၏၊ ဝိဘဝေါ–ကင်းခြင်းသည်၊ ဂတိ–ဂတိပဲတဲ့၊ ချုပ်ပျောက်သွားတာ သုဂတိပဲလို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါဘုရား)။

**ရုပ်နာမ်တို့၏ လားရာတ ဘာတုံး**

ဦးခင်မောင် မှတ်မိပလား...။ (မှတ်မိပါပြီဘုရား)၊ ကဲ...ဒါဖြင့် ဂတိ ဘယ်နှစ်မျိုးပြီးသွားပလဲ...။ (သုံးမျိုး

ပြီးပါတယ်ဘုရား)၊ သားသမင်တို့၏ ဂတိက…တော…(မှန်ပါ့)၊ ငှက်တို့၏ သွားရာက…(ကောင်းကင်ပါဘုရား)၊ ရုပ်နာမ်ခန္ဓာတို့၏ လားရာကတော့ ဘာတုံးဆိုတော့ မရှိတာဘဲ…။ (မှန်ပါ့)၊ ပျောက်ပျက်ခြင်း မရှိတာပဲ…။ (မှန်ပါ့)။

အဲဒါ မြင်လို့ရှိရင် သုညတဆိုက်တာပဲ…။ (မှန်ပါ့ဘုရား)၊ ရုပ် နာမ် ခန္ဓာတို့ဟာ ဒကာ ဒကာမတို့ ရှုတိုင်း, ရှုတိုင်း ပျောက်ပျက်မသွားဘူးလား…။ (သွားပါတယ်ဘုရား)။

## ပျောက်ပျက်သွားတာ

အဲ…ပျောက်ပျက်သွားတာ မြင်လို့ရှိရင်တော့ ရုပ် နာမ် ခန္ဓာတို့၏ လားရာဂတိပဲ…(မှန်ပါ့ဘုရား)၊ ရှင်းပြီလား…။ (ရှင်းပါပြီဘုရား)၊ ဒါဖြင့် မဂ်ဆိုက်သောပုဂ္ဂိုလ်၏ ဂတိက လိုသေးတယ်၊ မလိုဘူးလား…။ (လိုပါတယ်ဘုရား)။

ရုပ် နာမ် ခန္ဓာ ဂတိကတော့ သိပြီနော် ဦးခင်မောင်…(မှန်ပါ့)၊ ဘာတုံး၊ ပျောက်ပျက်တာပဲ…။ (မှန်ပါ့)၊ ရှင်းကြပလား…။ (ရှင်းပါပြီ)။

## ရဟန္တာပုဂ္ဂိုလ်တို့၏ လားရာဂတိသည် နိဗ္ဗာန်

အဲဒီတော့ ခင်ဗျားတို့ ရှုတာ ဘာမြင်ဖို့ အရေးကြီးသတုံး…။ (ရုပ် နာမ် ခန္ဓာတို့၏ ဖြစ်ပျက်မြင်ဖို့ အရေးကြီး

ပါတယ်)၊ နိဗ္ဗာန် အရဟာတော ဂတိ...(မှန်ပါ့)၊ နိဗ္ဗာန်–နိဗ္ဗာန်သည်၊ အရဟာတော–ရဟန္တာပုဂ္ဂိုလ်တို့၏၊ ဂတိ–လားရာတည်း...။ (မှန်ပါ့)။

ဩော်...ရဟန္တာပုဂ္ဂိုလ်များသေတော့ ဘယ်သွားပါလိမ့်ဆိုတော့ နိဗ္ဗာန်နံ...တဲ့...။ (မှန်ပါ့)၊ အဲဒီတော့ မှန်းခြေပေါက် မရှိဘူးလား...။ (ရှိပါတယ်ဘုရား)၊ ဦးခင်မောင့်ဘာတဲ့...။ (မှန်းခြေပေါက်ရှိပါတယ်ဘုရား)။

အဲ...ခင်ဗျားတို့ မဂ်ဆိုက်ဖိုလ်ဆိုက်လုပ်တဲ့ ပုဂ္ဂိုလ်ကတော့ မှန်းခြေပေါက်ရှိတယ်...။ (မှန်ပါ့)၊ ကောင်းကင်မြှောက်တဲ့ တုတ်လို ဟုတ်သေးရဲ့လား...။ (မဟုတ်ပါဘုရား)၊ အင်မတန် အဖိုးမတန်သေးဘူးလား...။ (တန်ပါတယ် ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့...တဲ့...ဂတိ...ဒီနေ့ လေးမျိုးရှင်းပြလိုက်ရတာ ဘုန်းကြီးက အင်မတန် ကျေနပ်ပါတယ်...။ (မှန်ပါ့ဘုရား)။

ဦးခင်မောင်ရေ...သမင်တို့၏လားရာက...(တောပါဘုရား)၊ ဩော်...လွတ်ကဲ့လားဗျာ...သေဘေး...(မလွတ်ပါဘုရား)၊ အဲ...လားသာ လားရတယ်၊ မလွတ်ပါဘူးတဲ့နော်...။ (မှန်ပါ့)။

ငှက်တို့၏ ဂတိကတော့ ဘာတဲ့...(ကောင်းကင်ပါဘုရား)၊ အင်း...အသေလွတ်ပါရဲ့လား...။ (မလွတ်ပါ

ဘုရား)၊ မလွတ်ပါဘူးတဲ့၊ အဲဒါတွေက အလကားပါ…။ (မှန်ပါ့)။

**ခန္ဓာ၏ ဝတိတ ပျောက်ပျက်သွားတာ**

ခင်ဗျားတို့ ရှုနေတဲ့ ခန္ဓာ၏ ဂတိကတော့ ဘာတဲ့…။ (ပျောက်ပျက်သွားတာပါဘုရား)။

အဲ…ခင်ဗျားတို့ရှုတဲ့ဥစ္စာ တပည့်တော်တို့ ဘယ်အမြင်မှန်ရမှ နေရာကျမလဲလို့မေးတော့ သူ့ဂတိကိုရှုရင် ပြီးတာပဲ…။ (မှန်ပါ့)၊ သူ့ဂတိဆိုတာက ပျောက်ပျက်သွားတာ၊ ရှင်းပလား…။ (ရှင်းပါပြီ)။

ပျောက်ပျက်သွားတာသည် ရုပ်နာမ်ခန္ဓာတို့၏ ဂတိ (ဝါ) နာမ် ရုပ် ခန္ဓာတို့၏ လားရာ…။ (မှန်လှပါ)၊ ရိပ်မိကြပလား…။ (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ရုပ် နာမ် ခန္ဓာဖြစ်ပျက်ကို ဖြစ်ပြီး ပျက်သွားတာကလေး သိတဲ့ ပုဂ္ဂိုလ်သည် သူညတလဲ ဆိုက်ပါတယ်၊ သူ့ ဂတိကိုလဲ မြင့်လိုက်ပါတယ်…။ (မှန်ပါ့)။

ရုပ် နာမ် ခန္ဓာတို့၏ ဂတိကို…(မြင်လိုက်ပါတယ်ဘုရား)၊ အဲဒီအမြင်ဆိုရင် ဒါ…အမြင်မှန်ပြီတဲ့…။ (မှန်လှပါဘုရား)၊ ကဲ…တစ်ခါသွားလိုက်ပါဦး၊ "နိဗ္ဗာနံ အရဟတော ဂတိ" နိဗ္ဗာနံ–နိဗ္ဗာန်သည်၊ အရဟတော–ရဟန္တာပုဂ္ဂိုလ်

တို့၏၊ ဂတိ–လားရာပဲဆိုတော့ ခင်ဗျားတို့ ဒီ မဂ်တွေ ဆက်ဆက်နေတဲ့ ပုဂ္ဂိုလ်ကျတော့ နိဗ္ဗာန်မှတစ်ပါး သွားစရာ ရှိသေးရဲ့လား...။ (မရှိပါဘုရား)၊ ဒါဖြင့် တစ်နေရာတည်း ပေါ့...။ (မှန်လှပါဘုရား)၊

ဒါဖြင့် ကောင်းကင်မြှောက်တဲ့ တုတ်ဘဝမှ လွတ်... မလွတ်...(လွတ်ပါတယ်ဘုရား)၊ သေချာပလား...။ (သေချာ ပါပြီ)။

ဩော်...ဒါဖြင့် ဒီအလုပ်သည် ဒကာ ဒကာမတို့ လုပ်ရမှာလား...မလုပ်ရတော့ဘူးလား...။ (မလုပ်ရပါ ဘုရား)၊ ကောင်းကင်မြှောက်တဲ့ တုတ်ဘဝမှ လွတ်ချင်ရင် ဘာတုံး...။ (လုပ်ရပါမယ် ဘုရား)၊ ရှင်းပလား...။ (မှန်ပါ)။

အဲဒီတော့ လုပ်ရမှာက ဒီလိုပါ ဒကာ ဒကာမတို့၊ ဘာလုပ်ရမှာတုံးဆိုတော့ ဝိဘဝေါဂတိ ဆိုတဲ့ ခန္ဓာတို့၏ ဖြစ်ပြီး ပျောက်ပျက်သွားတာကလေးကို ဒါကို ခင်ဗျားတို့က မြင်ဖို့အရေးကြီးတယ်...။ (မှန်ပါဘုရား)။

ဒါ မြင်လို့ရှိရင်ဖြင့် မဂ္ဂင်ငါးပါးက မဂ္ဂင်ရှစ်ပါးဖြစ် လိမ့်မယ်ဆိုတာ မသေချာဘူးလား...။ (သေချာပါတယ် ဘုရား)။

**သုညတဖြစ်အောင် လုပ်ပါ**

သေချာတဲ့အခါကျလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်မှတစ်ပါး လားရာဂတိ ကျပ်တို့ ရှိသေးရဲ့လား...။ (မရှိပါ)၊ ဟိုကျ၊ ဒီကျ...ဒီသဘောမျိုး ရှိသေးရဲ့လား...။ (မရှိပါဘုရား)။

ဩော်...ဒါဖြင့် ဦးခင်မောင်ရေ...သုညဖြစ်ဖို့ တယ် အရေးကြီးပါကလား...။ (ကြီးပါတယ်ဘုရား)၊ ရှင်းကြပလား...။ (ရှင်းပါပြီ)၊ ဘာဖြစ်ဖို့...(သုည ဖြစ်ဖို့ပါဘုရား)။

သုညဆိုတာ ဘာပါလိမ့်မတုံးဆိုတော့ ဒကာ ဒကာမတို့...ငါလို့လဲ ရေးမဖြစ်တာ၊ ငါ့ဥစ္စာလို့လဲ...(ရေးမဖြစ်တာပါ)၊ ရေးမဖြစ်တော့ ဒီဥစ္စာသည် ငါ, ငါ့ဥစ္စာမှ ဆိတ်သုဉ်းတဲ့ သဘောမြင်အောင် ကြည့်ပါ...။ (မှန်ပါ့)။

ဒါဖြင့် ပျက်သွားတယ်...၊ ပျက်သွားတယ်ဆိုရင် ဘယ်လိုမြင်အောင် ကြည့်ရမယ်...။ (သုညတဖြစ်အောင် ကြည့်ရပါမယ်ဘုရား)။

**ဒီအတိုင်း ရှုနေပါ**

ငါ, ငါ့ဥစ္စာမဟုတ်လို့ ပျက်သွားတယ်၊ ငါ, ငါ့ဥစ္စာမဟုတ်လို့...ပျက်သွားတယ်...လို့ ဒီအတိုင်း ရှုနေရုံပဲ...။ (မှန်ပါ့ဘုရား)။

ပါးစပ်ကလဲ မပြည်ပါနဲ့…မအော်ပါနဲ့၊ ဩော်… ငါ၊ ငါ့ဥစ္စာ မဟုတ်ကြောင်း သေချာလိုက်တာ…သေချာလိုက်တာလို့သာ စိတ်ထဲက ရှုနေ…။ (မှန်ပါ့)။

ရှုတဲ့ စိတ်ကလေးလဲ သေချာလိုက်တာ၊ ရှိုက်တဲ့ စိတ်ကလေးလဲ မပျက်ပါစေနဲ့ဆိုလို့…ရရဲ့လား…။ (မရပါဘုရား)။

မြင်တဲ့စိတ်ကလေး မပျက်ပါစေနဲ့…(မရပါ)၊ ကြားတဲ့စိတ်ကလေး မပျက်ပါစေနဲ့…(မရပါ)၊ နံတဲ့ စိတ်ကလေး မပျက်ပါစေနဲ့…(မရပါဘုရား)။

ယားတဲ့ စိတ်ကလေး မပျောက်ပါစေနဲ့…(မရပါ)၊ ခံသာတဲ့စိတ်ကလေး မပျောက်ပါစေနဲ့…(မရပါ)၊ ဝမ်းသာတာကလေး မပျောက်ပါရစေနဲ့…။ (မရပါဘုရား)။

မရဘူး၊ တစ်ခါတည်း ငါလဲ မဟုတ်ဘူး၊ ငါ့ဥစ္စာလဲ မဟုတ်ဘူး၊ တော်တော်ကြာကျလို့ရှိရင် ဝိဘဝေါဂတိ… ဆိုတဲ့…အတိုင်း ပျောက်ပျက်သွားတာပဲ…။ (မှန်ပါ့)။

အဲဒီ ပျောက်ပျက်သွားတာသည် သုညတ၊ မြင်တာက…(မဂ္ဂပါဘုရား)၊ သေတာက…(အတ္တ–အတ္တနိယပါဘုရား)။

အတ္တ–အတ္တနိယသေတယ်ဆိုတော့ အတ္တက ငါ… (မှန်ပါ့)၊ အတ္တနိကာက…(ငါ့ဥစ္စာပါဘုရား)၊ ဒီလိုဆိုတော့ ဒိဋ္ဌိ တဏှာ မသေဘူးလား…။ (သေပါတယ်ဘုရား)။

တဏှာသေရင် ဥပါဒါန် ကံ လာသေးရဲ့လား…။ (မလာပါ)၊ မလာရင် နောက်ဘဝ ဇာတိ, ဇရာ, မရဏ ဘယ့်နှယ်နေသလဲ…။ (မလာပါဘုရား)။

အေး…ပဋိစ္စသမုပ္ပါဒ်ကြီး ကောင်းကောင်းကြီး ပြတ်မသွားဘူးလား…။ (ပြတ်သွားပါတယ်ဘုရား)၊ ရှင်းကြပလား…။ (ရှင်းပါပြီဘုရား)။

**ဘယ်ဟာရှုရှု သုညတဆိုက်ရင် ပြီးတယ်**

ဒါဖြင့် ဒီ ဒကာ ဒကာမတို့ ဒီနေ့ ရှုနည်းကို သေသေချာချာ ပြောနေတယ်…။ (မှန်ပါ)၊ ဘယ်ဟာကို ရှုရှု၊ သုညတဆိုက်ရင် ပြီးတာပဲ…။ (မှန်ပါဘုရား)။

ဘယ်ဟာရှုရှု…(သုညတဆိုက်ရင် ပြီးပါတယ်ဘုရား)၊ သုညတဆိုက်ရင် ပြီးတာပဲ၊ ငါ, ငါ့ဥစ္စာ မဟုတ်ကြောင်း သိရင် ပြီးတာပဲ…။ (မှန်ပါ)။

ဘယ်ဟာရှုရှု…ငါ, ငါ့ဥစ္စာ မဟုတ်ကြောင်း သိရင် ပြီးတာပဲ၊ ငါ, ငါ့ဥစ္စာ မဟုတ်လို့ ပျက်သွားတာပဲလို့၊ ပျောက်သွားတာပဲလို့ သိလို့ရှိရင် ဝိဘဝေါဂတိ ဆိုတာ မှန်ပြီ…။ (မှန်ပါ)၊ မမှန်သေးဘူးလား…။ (မှန်ပါပြီဘုရား)၊ သဘောပါကြပလား…။ (ပါ,ပါပြီဘုရား)။

ကိုင်း…ဒါဖြင့် ဒီဟာ ရုပ်ပေါ်လာရင်လဲ ဒီအတိုင်း ရှုပါ၊ ဝေဒနာပေါ်လာရင်လဲ…(ဒီအတိုင်းရှုပါ)၊ စိတ်ပေါ်

လာရင်...(ဒီအတိုင်းရှုပါ)၊ သညာ သခ်ါရပေါ်လာရင်... (ဒီအတိုင်းရှုပါဘုရား)။

အဲ...ဒါဖြင့် ၁ လဲ မဖြစ်စေနဲ့၊ ၁ ဆိုတာ ဘာပါလိမ့်...။ (ငါပါဘုရား)၊ ၂ လဲ မဖြစ်စေနဲ့၊ ၂ ဆိုတာ ဘာပါလိမ့်...။ (ငါ့ဥစ္စာပါဘုရား)။

အင်း...သုညဖြစ်ပါစေဆိုတော့၊ ဘယ်လိုပါလိမ့်...။ (ငါ၊ ငါ့ဥစ္စာ မဟုတ်ပါ)၊ ငါ၊ ငါ့ဥစ္စာ မဟုတ်ကြောင်းကောင်းကောင်း သိပါစေဆိုတာ သေသေချာချာ ပြောပါတယ်...။ (မှန်ပါ့)၊ ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)။

ဒီအထဲမှာ ဒီလောက်ပြောနေလျက်မတွေ့နဲ့ ဒကာဒကာမတွေ ခန္ဓာကိုယ်ထဲမှာ မရှုတဲ့ပုဂ္ဂိုလ် ပါစရာများမြင်သေးရဲ့လား...။ (မမြင်ပါဘုရား)။

သေသေချာချာ လုပ်ကြပါနော်...။ (မှန်ပါ့)၊ သေသေချာချာ လုပ်ကြပါဆိုတာ ဘယ့်နှယ်ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ ခုနင်က တရားချီးကတည်းက ဦးခင်မောင်...ပါခဲ့တယ်...။ (မှန်ပါ့)။

ဒကာ ဒကာမတို့ ယနေ့ မိဖုရားကြီး၊ နက်ဖြန်နောက်ချေးပိုးဆိုတော့ မြဲရဲ့လား...။ (မမြဲပါ)၊ ကျချင်သလိုကျသွားတာ...။ (မှန်ပါ့ဘုရား)။

ဒီဟာ...ဒီသုညတ မဆိုက်လိုက်တဲ့အတွက် ဘယ်

လောက် ကြောက်စရာကောင်းသတုံး...။ (ကြောက်စရာ ကောင်းပါတယ်ဘုရား)။

**ယနေ့ မိဖုရား၊ နက်ဖြန် ငရဲသား**

ယနေ့ မိဖုရား၊ နက်ဖြန် ငရဲသားကြီးဆိုတော့ကော ဒကာ ဒကာမတို့ မြဲရဲ့လား...။ (မမြဲပါဘုရား)၊ ကောင်းကင် မြှောက်လိုက်တဲ့ တုတ်လိုပဲ ဟိုဘက် အပါယ်ထဲကို ထိုးကျသွားတယ်...။ (မှန်ပါ့)၊ မကျဘူးလားဗျာ...။ (ကျပါ တယ် ဘုရား)။

ယနေ့ ရဟန်းကြီး၊ နက်ဖြန် သန်းကြီးဆိုတော့ကော... ဒကာ ဒကာမတို့ မြဲရဲ့လား...။ (မမြဲပါ)၊ ဦးတိသကြီး ကျတော့လေ...(မှန်ပါ့ဘုရား)။

ဦးတိသကြီးကျတော့ ဒကာ ဒကာမတို့ ယနေ့ ရဟန်း၊ ဇေတဝန်ကျောင်းတော်မှာ ရဟန်း၊ နက်ဖြန်ကျတော့ သူ့သင်္ကန်းခေါက်ပေါ်မှာ သန်းကြီးဖြစ်နေတယ်...။ (မှန်ပါ့)၊ ကောင်းသေးရဲ့လား...။ (မကောင်းပါ)၊ အင်မတန် မဆိုး ရွားဘူးလား...။ (ဆိုးရွားပါတယ်ဘုရား)။

အဲဒီတော့ ကျုပ်တို့မှာ ကောင်းကင်မြှောက်တဲ့ တုတ် လိုပဲ၊ ဒကာ ဒကာမတို့ အကျမြဲရဲ့လား...။ (မမြဲပါ)၊ ဒါဖြင့် အကျမြဲချင်ရင် ဘာရှုရမတုံး...။ (သုညတဖြစ်အောင် ရှုရပါမယ်)။

နဂိုကလဲ သုညပဲ မဟုတ်ဘူးလား...။ (မှန်ပါ့ဘုရား)၊ နဂိုကလဲ ဒကာ ဒကာမတို့ ဥပမာမယ် ဒါကလေးဟာ စားချင်တဲ့ စိတ်ကလေး ဥပမာထားလိုက်စမ်းပါ ဦးခင်မောင် ရဲ့...။ (မှန်လှပါဘုရား)။

စားချင်တဲ့စိတ်ဟာ ငါလားလို့မေးတော့ ဘယ် ငါ ဟုတ်ရမှာတုံး၊ စိတ်ပဲ...။ (မှန်ပါ့)၊ ငါ ဟုတ်ကဲ့လား...။ (မဟုတ်ပါ)၊ ဘာပါလိမ့် စိတ်ပါဘုရား)။

ဒီ စားချင်တဲ့ စိတ်ကလေးဟာ ဒကာ ဒကာမတို့ ငါ့ဥစ္စာကော ဟုတ်ကဲ့လား...။ (မဟုတ်ပါ)၊ ဘယ်မှာ ငါ့ဥစ္စာ ဟုတ်ရမလဲ၊ ထမင်းမြင်လို့ စားချင်တဲ့စိတ် ပေါ်လာတာ...။ (မှန်ပါ့)၊ ထမင်းက လုပ်ထားတာ...။ (မှန်ပါ့)။

ဘယ်သူက လုပ်ထားတာတုံး...။ (ထမင်းက လုပ်ထားတာပါ)၊ ထမင်းက လုပ်ထားတော့ ငါ့ဥစ္စာကော ဟုတ်ကဲ့လား...။ (မဟုတ်ပါဘုရား)၊ ထမင်းတည်းဟူသော အာရုံဒွါရက လုပ်ထားတယ်ဆိုတာ မသေချာဘူးလား...။ (သေချာပါတယ်ဘုရား)။

ဒါဖြင့် ငါ့ဥစ္စာကော ဟုတ်ပါရဲ့လား...။ (မဟုတ်ပါ)၊ ဒါဖြင့် ငါလဲ မဟုတ်၊ ငါ့ဥစ္စာလဲ မဟုတ်ဆိုတော့ ရှုရင်း မတ္တနဲ့ ပျောက်သွားပြန်တော့ သူ့ကို ဘယ့်နှယ်ဆိုကြမလဲ... (သုညတပါဘုရား)၊ သုညတဖြစ်သွားတယ်ဆိုတာ မသေ ချာဘူးလား...။ (သေချာပါတယ်ဘုရား)။

ဒါဖြင့် ငါ, ငါ့ဥစ္စာ မဟုတ်ကြောင်း မသေချာဘူး လား...။ (သေချာပါတယ်)၊ အဲဒါသည် အနတ္တ ကောင်း ကောင်း ပိုင်အောင် ရှုတဲ့နည်းကို ပြောနေတာ...။ (မှန်ပါ့)။

ဘာပြောထာပါ့လိမ့်...။ (အနတ္တရှုတဲ့နည်းကို ပြော တာပါဘုရား)၊ အနတ္တ ကောင်းကောင်းပိုင်အောင် ရှုတဲ့နည်း သေသေချာချာ ဟောဒနေတာပါ...ဒီနေ့...(မှန်ပါ့ဘုရား)၊ သဘောပါပလား...။ (ပါ,ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီသုညကလေးဟာ ခင်ဗျား တို့ကို ကယ်တင်မည့် သုညပါကလား...။ (မှန်ပါ့)၊ ဒီ သုညတဟာ ဘာတဲ့...(တပည့်တော်တို့ကို ကယ်တင်မည့် သုညတပါဘုရား)။

ဒါဖြင့် ဒီ သုညတမှတစ်ပါး ဒီပြင်ဟာ ရှုနေလို့ရှိ ရင်...ငါ,ငါ့ဥစ္စာ လာတော့မယ်...။ (မှန်ပါ့)၊ ငါလာလို့ရှိရင် လဲ ငါ့ဥစ္စာ နောက်က လိုက်မယ်...။ (မှန်ပါ့)၊ လိုက်လို့ ရှိရင်ဖြင့် ဒိဋ္ဌိ,တဏှာ, ဥပါဒါန်, ကံ, ဇာတိ, ဇရာ, မရဏ မလာပေဘူးလား...။ (လာပါတယ်ဘုရား)၊ ပဋိစ္စသမုပ္ပါဒ် က ဖြတ်လို့ရသေးရဲ့လား...။ (မရပါဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတွေ နဂိုကမှ ခင်ဗျား တို့က ငါ့သားနဲ့၊ ငါ့သမီးနဲ့၊ ငါ့ပစ္စည်းနဲ့ ရှုပ်ရတဲ့အထဲမှာ ငါ့စိတ်တွေ၊ ငါ့ကိုယ်တွေနဲ့ ရှုပ်ဦးမယ်ဆိုလို့ရှိရင်ဖြင့် ကောင်းကင်မြှောက်တဲ့ တုတ်လိုပဲ ကျင်ကြီးပုံပေါ် ကျလို

ကျ၊ နွားချေးပုံပေါ် ကျလိုကျ၊ ရေထဲကျလိုကျ၊ ငါးဖြစ်လိုက်ပေါ့ဗျာ...။ (မှန်ပါ့)၊ ကောင်းနိုင်စရာ ရှိကြသေးရဲ့လား...။ (မရှိပါ)၊ သဘောပါကြပလား...။ (ပါ,ပါပြီဘုရား)။

**ငါ မဖြစ်စေနဲ့၊ ငါ့ဥစ္စာ မဖြစ်စေနဲ့**

ဒါဖြင့် ၁ လဲ မဖြစ်စေနဲ့...။ (မှန်ပါ့)၊ ဘာပါလိမ့်...။ (၁ လဲ မဖြစ်စေနဲ့)၊ အဓိပ္ပါယ်က ငါ မဖြစ်စေနဲ့...။ (မှန်ပါ့)၊ ၂ လဲ မဖြစ်စေနဲ့...ငါ့ဥစ္စာ မဖြစ်စေနဲ့...။ (မှန်ပါ့)။

ငါ့ဥစ္စာလဲ မဖြစ်စေနဲ့၊ ငါ့ဥစ္စာလဲ မဟုတ်ဘူးဗျ၊ သူများလုပ်ထာတဲ့ စိတ်တွေ...။ (မှန်ပါ့)၊ ရုပ်ဟာလဲ သူများလုပ်ထားတာပဲ...။ (မှန်ပါ့)၊ စိတ်ဟာကော...(သူများလုပ်ထားတာပါပဲ)၊ ဝေဒနာကော...(သူများ လုပ်ထားတာပါဘုရား)။

ဖဿပစ္စယာ ဝေဒနာလို့ ခင်ဗျားတို့ ရွတ်နေတယ်၊ ဖဿက လုပ်ထားတာ...။ (မှန်ပါ့)၊ ခင်ဗျားတို့လုပ်ထားတာ ပါ,ပါရဲ့လား...။ (မပါ,ပါ)၊ သေချာပလား...။ (သေချာပါပြီ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမ်တို့...ဝေဒနာကလေးတစ်ခု ဥပမာ ထားလိုက်ပါတော့၊ ငါလား...။ (မဟုတ်ပါဘုရား)၊ မဟုတ်တာ ဘာပါလိမ့်...ဝေဒနာပေါ့...။ (မှန်ပါ့)။

ငါ့ဥစ္စာလားဆိုတော့…(မဟုတ်ပါ)၊ ငါ့ဥစ္စာဖြင့် ငါ လုပ်ထားတာ ဖြစ်ရမှာပေါ့…။ (မှန်ပါ့)။

ငါ လုပ်ထားတာ ဟုတ်ပါရဲ့လား…မေးတဲ့အခါကျတော့ ဖဿပစ္စယာ ဝေဒနာလို့ ပဋိစ္စသမုပ္ပါဒ်က ဟောထားတယ်…။ (မှန်ပါ့)၊ ရှင်းပလား…။ (ရှင်းပါပြီဘုရား)။

ဖဿက လုပ်ထားတာနော်…။ (မှန်ပါ့)၊ ငါ လုပ်ထားတာ ဟုတ်ပါရဲ့လား…။ (မဟုတ်ပါ)၊ ငါ လုပ်ထားတာဖြင့် ငါ့ဥစ္စာ ဆိုချင်ဆိုပေါ့ဗျာ…။ (မှန်ပါ့ဘုရား)။

အခုကော ဒီလိုဆိုစရာ ပါ,ပါရဲ့လား…။ (မပါ,ပါဘုရား)၊ မပါတော့ ငါ့ဥစ္စာကော…(မဟုတ်ပါဘုရား)၊ အင်း…တော်တော်ကြာ ပျောက်သွားပြီး ဒကာ ဒကာမတို့ ဒီဝေဒနာလေး ဘာဖြစ်သွားသတုံး…။ (သုညတဖြစ်သွားပါတယ် ဘုရား)။

သုညတဖြစ်သွားပြီ၊ ငါ, ငါ့ဥစ္စာမှ ဆိတ်သုဉ်းသွားပြီ…။ (မှန်ပါ့)၊ ဘယ့်နှယ်ဆိုကြမလဲ…။ (ငါ, ငါ့ဥစ္စာမှ ဆိတ်သုဉ်းသွားပါပြီ)၊ အဲဒီတော့ ငါ, ငါ့ဥစ္စာ ဆိတ်သုဉ်းသွားတာက သုညတ…(မှန်ပါ့)၊ ရှင်းပလား…။ (ရှင်းပါပြီ)၊ မြင်တာက…(မဂ္ဂပါဘုရား)၊ သေတာက…(အတ္တ–အတ္တနိယပါဘုရား)။

ဟော…အတ္တ–အတ္တနိယ၊ ငါရော သေတယ်၊ ငါ့ဥစ္စာရော…(သေပါတယ်ဘုရား)၊ ဩော်…တယ် အဖိုးတန်ပါ

ကလား ဒကာ ဒကာမတို့...(တန်ပါတယ်ဘုရား)၊ ပဋိစ္စ သမုပ္ပါဒ် သေသေချာချာ မပြတ်ဘူးလား...။ (ပြတ်ပါတယ် ဘုရား)။

ကိုင်း...ဒီအတိုင်း သုညတွေ–သုညတွေ–သုညတ တွေ–သုညတတွေ ဒကာ ဒကာမတွေက ရှုလိုက်ပြီ ဆိုကြ ပါစို့ဗျာ...။ (မှန်ပါ့)၊ ကြာတော့ ဒီ သုည–သုည–သုညတ– သုညတတွေချည်း ဦးခင်မောင် မြင်နေပြီဆိုကြပါစို့...။ (မှန်ပါ့)၊ မြင်ရင်းမတ္တနဲ့ ဒကာ ဒကာမတွေက အင်း... ဒီ သုညတတွေဟာလဲ နောက်ကို အစားမထိုးလာတော့ဘူး၊ သုညတနဲ့ ပတ်သက်တာ အစားမထိုးတော့ဘူးဆိုတော့၊ သုညနဲ့ ပတ်သက်တာ အစားမထိုးတော့ဘူးဆိုတော့ ဒကာ ဒကာမတို့ သဘောပါပလား...(ပါ,ပါပြီ)၊ သုညတ နိဗ္ဗာန် ဘက် ကူးပြီ...။ (မှန်ပါ့)၊ ပထမတော့ သုညတ...(မှန်ပါ့)၊ နောက်ကျတော့ သုညတနိဗ္ဗာန်...(မှန်ပါ့)၊ သဘောကျ ပလား...။ (ကျပါပြီ)။

**သုညတနိဗ္ဗာန် တူးသွားတယ်**

ပထမတော့ ဘာတုံး...(သုညတပါ)၊ နောက်ကျတော့ ဒီသုညတကိုပဲ ရှာမတွေ့တော့ဘူး...ဆိုတော့ ဒီနေရာမှာ သုညထဖြစ်တဲ့ တရားတွေ လာသေးရဲ့လား...။ (မလာ ပါဘုရား)။

မလာတဲ့အခါကျလို့ရှိရင်ဖြင့်...တဲ့ သုညတနိဗ္ဗာန်ဘက် သူ့ဟာသူ ကူးတယ်၊ ဒီက မဂ္ဂင်ရှစ်ပါး သွားဖြစ်တယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)။

ဩော်...သုညတကလဲ သုညတ–တစ်မျိုးဖြစ်ပျက် ဆိုတဲ့ သုညတက တစ်မျိုး...။ (မှန်ပါ့)၊ ဖြစ်ပျက်မရှိတဲ့ သုညတနိဗ္ဗာန်က...(တစ်မျိုးပါဘုရား)။

ဩော်...ဒါဖြင့် သုညတကနေပြီး သုညတနိဗ္ဗာန်ဘက် ကူးသွားတာလဲ အနီးကလေးပါကလား...။ (နီးပါတယ် ဘုရား)၊ ဒါဖြင့် သုညတမြင်အောင် ရှုဖန်များရင် ဘယ် သွားမယ်...။ (သုညတနိဗ္ဗာန်ဘက် သွားပါမယ်ဘုရား)။

သုညတနိဗ္ဗာန်ဘက် ကူးမယ်ဆိုတာ မသေချာဘူး လား...။ (သေချာပါတယ်ဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ ဒီတရားထက် တိုတာကော ရှိသေးရဲ့လား...။ (မရှိပါဘုရား)၊ ဩော်...ဒါဖြင့် ဦးခင်မောင်ရေ ဒီလိုလုပ်ကြစို့ရဲ့နော်...ငါလဲ ပြုတ်အောင်လုပ်၊ ငါ့ဥစ္စာကော...(ပြုတ်အောင်လုပ်ရပါမယ်)၊ သုညတကျန်အောင်လုပ်၊ ရှင်းပလား...။ (ရှင်းပါပြီ)။

သုညတကျန်အောင် လုပ်လိုက်တဲ့အခါကျတော့ ရှု... ရှု...ရှု...ဒါ...သုညတပဲ၊ ဒါ...သုညတပဲ၊ ဒါ...ငါ, ငါ့ဥစ္စာ မဟုတ်တဲ့ တရားပဲလို့ ရှု...ရှု...ရှု၊ ရှုရင်းမတ္တာနဲ့ပဲ ဒီသုညတ တွေက မလာတော့ဘူး...။ (မှန်ပါ့)၊ ရုပ် နာမ် သုညတတွေ လာသေးရဲ့လား...။ (မလာပါဘုရား)။

မလာတော့ ဒီနေရာမှာ ရုပ်နာမ်နဲ့ ပတ်သက်တာ ရှိသေးရဲ့လား...။ (မရှိပါဘုရား)။

ရုပ်နာမ်နဲ့ ပတ်သက်တဲ့ နိဗ္ဗာန်

ဒါဖြင့်...ရုပ်နာမ်နဲ့ မပတ်သက်တဲ့ နိဗ္ဗာန်ဟာ ဒီမှာ အစားထိုးသွားပေါ့...။ (မှန်ပါ့)၊ ရုပ်နာမ်နဲ့ မပတ်သက်တဲ့ နိဗ္ဗာန်သည်...(အစားထိုးပါတယ်ဘုရား)။

ဒါဖြင့်...သုညတနိဗ္ဗာန်ဆိုတော့ ဒါ...သုညတမြင်တဲ့ မဂ်ဉာဏ် သွားဖြစ်တယ်...။ (မှန်ပါ့)၊ မဖြစ်သေးဘူးလား...။ (ဖြစ်ပါတယ်ဘုရား)။

အဲဒါကြောင့် သုညတကနေပြီး သုညတနိဗ္ဗာန်ကူးပါတယ်...။ (မှန်ပါ့)၊ အင်မတန် နီးကပ်ပါတယ်ဆိုတာကော ပေါ်လာကြပလား...။ (ပေါ်လာပါတယ်ဘုရား)။

ရှင်းပြီနော်...။ (ရှင်းပါပြီ)၊ သုသိမ သိမ်းဖို့ပဲ ဒကာ ဒကာမတို့၊ ဒီအလုပ်ရှည်သွားတာနဲ့ မသိမ်းနိုင်ဘူး...။

ကဲ...နာရီစေ့ပြီ၊ တော်ကြဦးစို့...။

သာဓု...သာဓု...သာဓု...။